ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 13 September 2021 ၁၀၄၉၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။

**လက်ခံရယူ**

ထိုသို့ ထိုးနှံပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေးအကြိမ်ရေ ၂၄ သန်း စာချုပ်ချုပ်ဆိုဝယ်ယူထားသည့်အနက် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီခွဲတွင် ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူသည်။

အဆိုပါ ကာကွယ်ဆေးများကို စက်တင်ဘာ ၁၃ ရက်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)၏ အကူအညီဖြင့် လေကြောင်းခရီးမှ လည်းကောင်း အအေးလမ်းကြောင်း မပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး ပြည်သူများအား သတ်မှတ်ဦးစားပေးအုပ်စုနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားရာတွင် အကျုံးဝင် ကိုက်ညီရန်လိုအပ်သော သတ်မှတ်ချက်များ အသိပေးကြေညာခြင်း**

စာမျက်နှာ » ၁၁

**လူကုန်ကူးမှုတိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့**

စာမျက်နှာ » ၆

**စက်တင်ဘာ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉၅၃ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂

**မိမိကိုယ်တိုင် ကျန်းမာရေးကို ဂရုစိုက်ခြင်းဖြင့် မိမိရဲ့မိသားစုကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်ရာရောက်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါစည်းကမ်းတွေကို ဆက်လက်လိုက်နာကြပါ**

စာမျက်နှာ » ၁၈

ကြေးမုံ

# လူကုန်ကူးမှုကို လက်တွဲညီညာတိုက်ဖျက်

လူကုန်ကူးမှုသည် မိမိ၏အကျိုးစီးပွားအတွက် လူအများ၏ကိုယ်ကာယ၊ လုပ်အားတို့ကို ခေါင်းပုံဖြတ်အမြတ်ထုတ်၍ အကျိုးအမြတ်ယူခြင်းဖြစ်သည်။ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခဝင်ငွေနည်းပါးခြင်း၊ ငွေကြေးရလိုခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း စသည်တို့ကိုအကြောင်းပြု၍ အသိအမြင်ဗဟုသုတနည်းပါးသူများကြားတွင် ပေါ်ပေါက်လာသောအမှုဖြစ်သည်။ မျက်မှောက်ကာလတွင် အားနည်းမှုကိုအခွင့်ကောင်းယူ၍ လူအချင်းချင်း အနိုင်အထက်ပြုလုပ်ခြင်းဖြစ်သည်။

လူကုန်ကူးမှုပြဋ္ဌာန်းချက်အရ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ "ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အစေ့အလုပ်ခိုင်းစေခြင်း၊ အစေ့ဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့စေခိုင်းခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန်သဘောတူညီခြင်း"ပြုရန် အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်းတို့ကို ပြုလုပ်ခြင်းဖြစ်သည်။

ထို့အပြင် တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ဖော်ပြထားသည်။ ယခုအခါ ကမ္ဘာ့တစ်ဝန်းတွင် အငှားကိုယ်ဝန်ဆောင်ခြင်း၊ အစေ့မွေးစားခြင်း၊ လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်းကဲ့သို့သော ဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပုံစံသစ်များလည်း ပါဝင်သည်။ လူကုန်ကူးမှုကို အများအားဖြင့် မသိနားမလည်သော အမျိုးသမီးများနှင့် ကလေးသူငယ်များကြားတွင် ဖြစ်ပေါ်လာတတ်ပြီး ယခုအခါ အမျိုးသားများ၊ သက်ကြီးရွယ်အိုများပါမကျန် ကျား/မ အသက်အရွယ်မရွေး လူကုန်ကူးခံရနိုင်ခြေရှိသည်ကို သတိပြုရမည်ဖြစ်သည်။

ယခုအခါ လူမှုကွန်ရက်အွန်လိုင်းအသုံးပြုမှု တွင်ကျယ်လာသည်နှင့်အမျှ လူကုန်ကူးမှုများ လွယ်ကူစွာတိုးပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ မသမာသူများသည် လူမှုကွန်ရက်ကိုအသုံးပြု၍ အလုပ်အကိုင်ဝင်ငွေရရှိရေးအတွက် မက်လုံးပေးစည်းရုံးခြင်း၊ ချစ်ခင်မှု၊ ရင်းနှီးမှု၊ သမီးရည်းစားထားခြင်းတို့ကို ပြုလုပ်၍ စည်းရုံးလှည့်ဖြားခေါ်ဆောင်ပြီး လူကုန်ကူးခြင်းနည်းလမ်းအမျိုးမျိုးကို ပြုလုပ်လျက်ရှိသည်။ အများအားဖြင့် တစ်ဖက်နိုင်ငံတွင် အလုပ်အကိုင်ရရှိရေးကို မက်လုံးပေး၍ လူအများကို စည်းရုံးခေါ်ဆောင်ကာ ရောင်းစားခြင်း၊ ငှားရမ်းခြင်း၊ ပို့ဆောင်ခငွေရယူ၍ လိမ်ညာထားခဲ့ခြင်းတို့ကို ပြုလုပ်နေကြသည်။ လွန်ခဲ့သည့်နှစ်များက ရက်စက်ကြမ်းကြုတ်သော ကျားဖောင်များပေါ်သို့ပို့ဆောင်ကာ ကျေးကျွန်အဖြစ်ရောင်းစားခဲ့ကြသည်ကိုတွေ့ရသည်။ ယခင်က နာဂစ်မုန်တိုင်းဘေးဒဏ်ကြောင့် လူကုန်ကူးမှုများပေါ်ပေါက်ခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ လူကုန်ကူးမှုများ ပေါ်ပေါက်လာသည်ကိုတွေ့ရသည်။ ပြည်တွင်း၌ ကလေးလုပ်သားများအဖြစ် ရောင်းစားခြင်းတွင် လူကုန်ကူးမှုပုံစံဖြစ်လာသည်ကိုလည်း တွေ့ရသည်။

လူကုန်ကူးခံရခြင်းသည် ကိုယ်ရောစိတ်ပါ ဆင်းရဲခြင်းအတိဖြစ်စေသည့် လောကငရဲခံရသကဲ့သို့ဖြစ်စေသည့်အပြင် လူ့ဘဝများပျက်စီးဆုံးရှုံးကာ အသက်ခန္ဓာကိုယ်ကိုပါ ထိခိုက်ဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ရှိသည်။ ထို့ကြောင့် လူကုန်ကူးခံရခြင်းမရှိအောင် ဝိုင်းဝန်းကာကွယ်ပေးကြရမည်ဖြစ်သည်။ လူမှုဘဝအခက်အခဲများမှာ ရှိနေမည်ဖြစ်၍ အခက်အခဲများကြားမှ အားနည်းသောပြည်သူများအား လူကုန်ကူးမှုအသိအမြင်ဗဟုသုတများကို မျှဝေပေးကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လူကုန်ကူးသူ လူပွဲစားများဟု မသင်္ကာသူများ ရပ်ရွာအတွင်းသို့ ရောက်ရှိလာပြီး လုပ်ခလစာဖြင့် မက်လုံးပေးစည်းရုံးခြင်းများတွေ့ရှိရပါက ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များ၊ ရဲစခန်းများ၊ လူကုန်ကူးမှုသတင်းလက်ခံရာဌာနများ၊ လူမှုအဖွဲ့အစည်းများထံ သတင်းပေးခြင်းတို့ကို ပြုလုပ်ပေးကြရမည်ဖြစ်သည်။

အခက်အခဲအကျပ်အတည်းရှိနေသော ပြည်သူများအနေဖြင့် မိမိဘဝအတွက် ထွက်ပေါက်ကိုရှာဖွေနေကြရာ ယင်းဟာကွက်ကို လူကုန်ကူးသည့်မုဆိုးများက သားကောင်ပစ်မှတ်များကို ရွေးချယ်ရှာဖွေနေကြသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ပြုလုပ်နေကြသော်လည်း လစ်ဟာမှုများကြားမှ လူကုန်ကူးခံနေရသည့်သားကောင်များစွာရှိနေသည်။ သို့ဖြစ်ရာ လူသားချင်းစာနာထောက်ထားသောအားဖြင့် လူကုန်ကူးခံရမည့် ဘေးဒုက္ခအန္တရာယ်များမှ ကင်းဝေးရအောင် ရပ်ရွာလူထုအခြေပြု၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရေးနှင့် လူကုန်ကူးမှုဖြစ်စဉ်များအား ဝိုင်းဝန်းဖော်ထုတ်ရေးတို့ကို အသိတရားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်နှင့် စားသုံးကုန်ပစ္စည်းများ လှူဒါန်း

**ပဲခူး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်နှင့် စားသုံးကုန်ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ပဓာနနာယက ကြခတ်ဝိုင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဥ ယျမ္မောဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်/သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်အတွင်း သီတင်းသုံးတော်မူကြသည့် ဆရာတော်/သံဃာတော်အပါး ၁၆၀ တို့၏ ဆွမ်းနှင့်ဆွမ်းဟင်း ပြည့်စုံစေရန်အတွက် ဆန်အိတ် ၅၀၊ ဆီပိဿာ၂၄၀၊ ကုလားပဲ လေးအိတ်နှင့် ဆားလေးအိတ်တို့ကို ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ သာသနဒ္ဓဇောတိက ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ပဓာနနာယကဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့အား ဖူးမြော်ကာ ဆန်အိတ် ၃၀၊ ဆီပိဿာ ၁၄၀၊ ကုလားပဲ နှစ်အိတ်နှင့် ဆား နှစ်အိတ်တို့ကိုလည်းကောင်း၊ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အား ဖူးမြော်ကာ ဆန်အိတ် ၃၀၊ ဆီပိဿာ ၁၅၀၊ ကုလားပဲ နှစ်အိတ်နှင့် ဆား နှစ်အိတ်တို့ကိုလည်းကောင်း၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား ဖူးမြော်ကာ ဆန် ၅၇ အိတ်၊ ဆီပိဿာ ၂၈၀၊ ကုလားပဲ ငါးအိတ်နှင့် ဆား ငါးအိတ်တို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

■

## စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမြို့နယ်အချို့ ရေအား လျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)က ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံဝင်းအတွင်း ဂျိုးဖြူရေပိုက်ပေါက် ပြုပြင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါရေပိုက်ပေါက်ပြုပြင်စဉ်အချိန်တွင် ဂျိုးဖြူရေပို့ပိုက်မကြီးနှင့် ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း ၊ ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်တို့တွင် ရေအားလျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ရန်ရေရရှိရေးနှင့်ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့က အသိပေးကြေညာထားသည်။

**မျိုးမင်းသူရ**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက်ခြောက်နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | ဒီဇိုင်း | | |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင် |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်ရန်လိုအပ်

**အသက်အရွယ်ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကိုတွေ့ရှိရပြီး အသက် ၅၀ နှင့်အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံ့စေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ၈ သန်းရောက်ရှိပြီး ၆ သန်းကို ထိုးနှံ့ပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံ့ရန် ဆေး ၂ သန်း ကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင်နေထိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် မြန်မာ-ဂျပန် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးအား ဂျပန်နိုင်ငံ ဂျပန် - မြန်မာအသင်းဥက္ကဋ္ဌ H.E. WATANABE Hideo နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် မြန်မာ-ဂျပန် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးမြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရေးနှင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ ရှေ့ဖုံးမှ

ဦးစားပေးအစီအစဉ်များအလိုက် အမြန်ဆုံး ထိုးနှံ့ပေးသွားမည်ဖြစ်သည်။

ယခုရောက်ရှိလာသော ကာကွယ်ဆေးများကို မူလဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအပြင် ယခင်က အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအုပ်စုအား အသက် ၅၅ နှစ်နှင့်အထက်သို့တိုးချဲ့ခြင်း၊ ထပ်မံ၍ ဦးတည်အုပ်စုအသစ်များတိုးချဲ့ခြင်းအနေဖြင့် မသန်စွမ်းသူများအုပ်စု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအုပ်စု၊ နာတာရှည်ရောဂါအခံရှိသူများအုပ်စု၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိသူများအုပ်စုတို့အား ထပ်မံထည့်သွင်း ထိုးနှံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်အထိ လူဦးရေစုစုပေါင်း ၄၉၄၄၆၅၄ ဦးအား ထိုးနှံ့ပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံ့ပြီးစီးသူ ၃၂၃၉၇၆၄ ဦးနှင့် ပထမအကြိမ်ထိုးနှံ့ပြီးစီးသူ ၁၇၀၄၈၉၀ ရှိပြီဖြစ်ကြောင်း သိရသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေလေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

သို့ဖြစ်၍ စက်တင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၈၁၈၄၄၁၈ ကြိမ် ထိုးနှံ့ပြီးဖြစ်ကြောင်း သိရသည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံ့မှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံ့မှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံ့မှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံနှင့်နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ ကမ္ဘာ့အဆင့်မီသုတေသနဆိုင်ရာတက္ကသိုလ်အသီးသီး၌ ပါရဂူဘွဲ့သင်တန်းများတက်ရောက်ရန် ပညာသင်ဆုများလျှောက်ထားနိုင်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ ကမ္ဘာ့အဆင့်မီ သုတေသနဆိုင်ရာ တက္ကသိုလ်အသီးသီး၌ ပါရဂူဘွဲ့သင်တန်းများ တက်ရောက်ရန် ပညာသင်ဆုများ လျှောက်ထားနိုင်ကြပြီ ဖြစ်ကြောင်း ဟောင်ကောင်ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သိရသည်။

ဟောင်ကောင်ဒေသရှိ Research Grants Council က ကမ်းလှမ်းလာခြင်းဖြစ်ပြီး ဟောင်ကောင်ရှိ ကမ္ဘာ့အဆင့်မီ သုတေသနဆိုင်ရာ တက္ကသိုလ်အသီးသီး၌ ပါရဂူဘွဲ့သင်တန်းများသို့ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာကျောင်းသား ကျောင်းသူများအနေဖြင့် တိုက်ရိုက်လျှောက်ထားနိုင်ကြမည်ဖြစ်ရာ သင်တန်းတက်ရောက်စဉ် ကာလအတွင်း တစ်နှစ်လျှင် လစဉ် ဟောင်ကောင်ဒေါ်လာ ၂၆၉၀၀ (အမေရိကန်ဒေါ်လာ ၃၄၀၀ ခန့်) နှင့် ဆွေးနွေးပွဲများ၊ သုတေသနတို့နှင့် ပတ်သက်သည့် ခရီးသွားလာရေးစရိတ်အဖြစ် ဟောင်ကောင်ဒေါ်လာ ၁၃၅၀၀ (အမေရိကန်ဒေါ်လာ ၁၇၃၀ ခန့်) ကို ထောက်ပံ့ပေးမည်ဖြစ်၍ သင်တန်းကို သုံးနှစ်ကြာ တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ၃၀၀ အား ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်ရာ လျှောက်လွှာများကို ယခုနှစ်စက်တင်ဘာလမှစတင်၍ ဒီဇင်ဘာ ၁ ရက်အထိ လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်သောကြောင့် ပညာသင်ဆုနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များအား Poster: http://cerg1.ugc.edu.hk/hkpfs/Poster HKPFS.pdf နှင့် Leaflet: http://cerg1.ugc.edu.hk/hkpfs/Leaflet HKPFS.pdf တို့တွင် ဖတ်ရှုနိုင်ကြကြောင်း၊ အသေးစိတ်သိရှိလိုပါက www.rgc.edu.hk/hkphd တွင် လေ့လာနိုင်ကြောင်း ဟောင်ကောင်ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။ **စိုးမြင့်အောင်**

# ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ လျှော့နည်းပပျောက်ရေးအတွက် ထိရောက်စွာတားဆီးကာကွယ်ရေးနှင့် ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံသစ်များကို ကြိုတင်သိရှိ ကာကွယ်နိုင်ရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိ

## နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ လူကုန်ကူးမှုပြဿနာသည် ၂၁ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုလည်းဖြစ်ပါသည်။ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှု၏ဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံနေရကြောင်း တွေ့ရှိရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများသည် လူကုန်ကူးမှုဆိုးကျိုးများကို ပိုမို ခံစားနေရကြောင်း တွေ့ရှိရပါသည်။ လူကုန်ကူးမှုပြဿနာသည် သာမန်မှုခင်းနှင့်မတူဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်နှင့် နယ်စပ်ဖြတ်ကျော်မှု စသည်တို့နှင့်ချိတ်ဆက်ပြီး ရှုပ်ထွေးလှသည့်ပြဿနာတစ်ရပ်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းအားထုတ်တားဆီးကာကွယ်ကြသော်လည်း ဆက်လက်၍ ပျံ့နှံ့မြင့်မားနေဆဲဖြစ်ကြောင်းကို နိုင်ငံတကာက အသိအမှတ်ပြုဖော်ပြထားပါသည်။

၂။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို ပြစ်မှုအဖြစ် ပြဋ္ဌာန်း၍ ၁၉၉၇ ခုနှစ်ကတည်းကပင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်ခဲ့ပါသည်။ လူကုန်ကူးမှု မှုခင်းများ တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို (၅) နှစ်စီမံကိန်းများရေးဆွဲ၍ နှစ်အလိုက် စီမံချက်များ ချမှတ်ကာ ဟန်ချက်ညီဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှစတင်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ နှစ်စဉ်ကျင်းပခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပျံ့နှံ့လာမှုများကြောင့် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပနိုင်ခဲ့ခြင်းမရှိသော်လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Online Campaign များကို ကျင်းပနိုင်ခဲ့ပါသည်။

၃။ ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအကြား၌ ပိုမို၍ အန္တရာယ်ကြီးမားလာခဲ့ပါသည်။ ၇၀ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံများ၏ စီးပွားရေးကျဆင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်း၊ ဆင်းရဲမွဲတေမှုနှုန်း မြင့်တက်လာခြင်း၊ စာသင်ကျောင်းများ ပိတ်ထားရခြင်းနှင့် Online မှတစ်ဆင့် ဆွဲဆောင်စည်းရုံးနိုင်မှုရှိခြင်းတို့က ယင်းပြဿနာကို ပိုမိုကြီးထွားလာစေသည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime–UNODC) ၏ ၂၀၂၀ ပြည့်နှစ် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာ (Global Report on Trafficking in Persons 2020) ထုတ်ပြန်ချက်တွင် လူကုန်ကူးမှုပုံစံများနှင့် စီးဆင်းမှုများ (Patterns and Flows) ပြောင်းလဲလာကြောင်း၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု၊ ပိုမိုထိခိုက်လွယ်သော စီးပွားရေး၊ လူမှုရေးစံနှုန်းများနှင့် မိသားစုနောက်ခံများအပေါ် လူကုန်ကူးသူများက အလွဲအသုံးပြု ကျူးလွန်သဖြင့် ကလေးသူငယ်လူကုန်ကူးမှုနှင့် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ တိုးတက်ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြောင်းလဲတိုးတက်လာသော အင်တာနက်နည်းပညာများအား အသုံးပြု၍ လူကုန်ကူးသူများက လူသစ်စုဆောင်းခြင်းများ ပြုလုပ်လာကြကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု မြင့်တက်လာမှုနှင့် ယင်း၏ကန့်သတ်ချက်များက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်းနှင့်အတူ အလုပ်လက်မဲ့ပြဿနာများက အားနည်းသောလူအုပ်စုများအကြား လူကုန်ကူးမှု မှုခင်းများ ပိုမိုမြင့်တက်လာခဲ့ကြောင်းနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများသည် အဓိကပစ်မှတ်အုပ်စုများ ဖြစ်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ Human Rights First အဖွဲ့အစည်း၏ လေ့လာဆန်းစစ်ချက်များအရ နှစ်စဉ် လူဦးရေသန်း ၁၂၀ ခန့်သည် လူကုန်ကူးခံရလျက်ရှိပြီး အကျိုးအမြတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံခန့်ရှိကြောင်း၊ မိမိတို့နေထိုင်သော အာရှတိုက်တစ်ခုတည်းတွင်ပင် ၂၅ သန်းကျော်သော ပြည်သူများသည် လူကုန်ကူးခံရသည့်ဘဝတွင် ရောက်ရှိနေကြောင်း သိရှိရပါသည်။

၅။ လက်ရှိကမ္ဘာ့လူကုန်ကူးမှုပြဿနာ မြင့်တက်လာသည်နှင့်အမျှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု မှုခင်းများသည် ၇၉ ရာခိုင်နှုန်းရှိပြီး ဒုတိယအများစုတွေ့ရှိရသော လူကုန်ကူးမှု မှုခင်းများဖြစ်သည့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုသည် ၁၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း လူကုန်ကူးမှုလျော့ကျရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ တားဆီးနှိမ်နင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များသည် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးကန့်သတ်ချက်များကြောင့် လူမှုစီးပွားလုပ်ငန်း ဆောင်ရွက်မှုများတွင် ပိုမိုခက်ခဲလာကြောင်း တွေ့ရှိရပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် လုပ်ငန်းနယ်ပယ်အသီးသီးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ လုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များအဖွဲ့တို့ကို ဖွဲ့စည်း၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံသည် လူကုန်ကူးမှု မှုခင်းများတိုက်ဖျက်ရေးအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းအား ရေးဆွဲ၍ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ လျှော့နည်းပပျောက်ရေးအတွက် ထိရောက်စွာတားဆီးကာကွယ်ရေးနှင့် ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံသစ်များကို ကြိုတင်သိရှိကာကွယ်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် အလုပ်အကိုင်အခွင့်အလမ်းရလိုမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ပြည်တွင်းလက်နက်ကိုင် အခြေအနေများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များရှာဖွေရာမှ လူကုန်ကူးသူနှင့် ပွဲစားများ၏သားကောင်အဖြစ်ကျရောက်ပြီး လူကုန်ကူးမှုများဖြစ်ပွားခြင်းကို တွေ့ရှိရသည်။ မိမိနိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် ထိမ်းမြားလက်ထပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံမှ အမျိုးသားများက ပြည်တွင်းအထိ လာရောက်စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်နေသူများကို အဓမ္မလုပ်အားခေါင်းပုံဖြတ် ခိုင်းစေခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲသူများအပေါ် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း စသည့် လူကုန်ကူးမှုပုံစံများဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

၈။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများရေးဆွဲကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍ (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၊ ကော်မတီများ၊ အဆင့်ဆင့်သောတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ခေတ်စနစ်နှင့်အညီ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၉။ လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Billboard) များ စိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ထည့်သွင်းပို့ချပေးခြင်း စသော လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီကယ်တင်နိုင်ရေးအတွက် ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တိုးချဲ့တပ်ဆင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအား သတင်းအချက်အလက်များမျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများအား ဖွင့်လှစ်၍ အသိပညာများ မျှဝေလျက်ရှိပါသည်။

၁၀။ ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်း အစီအစဉ်"ကို ထုတ်ဝေ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့

စာမျက်နှာ ၅ သို့

**မြန်မာနိုင်ငံသည် လူကုန်ကူးမှု မှုခင်းများတိုက်ဖျက်ရေးအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းအား ရေးဆွဲ၍ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ လျှော့နည်းပပျောက်ရေးအတွက် ထိရောက်စွာတားဆီးကာကွယ်ရေးနှင့် ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံသစ်များကို ကြိုတင်သိရှိကာကွယ်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိ**

○ စာမျက်နှာ ၄ မှ

မိတ်ဆက်ရှင်းလင်းခြင်း၊ လူကုန်ကူးခံရသူများအတွက် ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ တရားရုံးစစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင်ထားရှိပြီး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ကိုဗစ်–၁၉ ကာလ၌ လူကုန်ကူးခံရသူများအား ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် ဂေဟာများတွင် ကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အသုံးအဆောင်များ တပ်ဆင်ခြင်း၊ ရောဂါပိုးကူးစက်ခံရမှု ရှိ/မရှိ စစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွင်း ကချင်ပြည်နယ်တွင် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ အသစ်တစ်လုံးဆောက်လုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ အဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှ ၂၆–၈–၂၀၂၁ ရက်နေ့ထိ လူကုန်ကူးမှု ၃၅ မှုမှ လူကုန်ကူးခံရသူကျား ၄ ဦး၊ မ ၄၄ ဦး၊ စုစုပေါင်း ၄၈ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှု ၃၁ မှုအား တရားစွဲတင်နိုင်ခဲ့ပြီး တရားခံကျား ၃၉ ဦး၊ မ ၆၂ ဦး၊ စုစုပေါင်း ၁၀၁ ဦးအား ထိရောက်သောပြစ်ဒဏ်များ ချမှတ်အရေးယူနိုင်ခဲ့ပါသည်။ လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အခွင့်အရေးများနှင့်အညီ ၎င်းတို့၏ဘဝရပ်တည်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးခံရသူ ကျား ၂ ဦး၊ မ ၃၁၃ ဦး၊ စုစုပေါင်း ၃၁၅ ဦးအတွက် သယ်ယူပို့ဆောင်ခ ၂,၂၉၇,၆၀၀/–၊ အစားအစာနှင့်ရိက္ခာ ၁,၇၃၂,၅၀၀/–၊ လူကုန်ကူးခံရသူ မ ၁ ဦးအတွက် ဆေးဝါးနှင့်ကုသစရိတ် ၄၈,၀၀၀/–၊ လူကုန်ကူးခံရသူ ကျား ၁ ဦး၊ မ ၄၅ ဦး၊ စုစုပေါင်း ၄၆ ဦးအတွက် ပြန်လည်ထူထောင်ရေးစရိတ် ၄၆,၀၀၀,၀၀၀/– အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ယနေ့အချိန်အထိ လူကုန်ကူးခံရသူ ကျား ၁ ဦး၊ မ ၉၂ ဦး၊ စုစုပေါင်း ၉၃ ဦးအတွက် သယ်ယူပို့ဆောင်ခ ၁,၀၈၂,၀၀၀/–၊ အစားအစာနှင့်ရိက္ခာ ၁,၂၂၈,၀၀၀/–၊ လူကုန်ကူးခံရသူ မ ၁၀ ဦးအတွက် ပြန်လည်ထူထောင်ရေးစရိတ် ၁၀,၀၀၀,၀၀၀/–အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၁၂။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်နှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းအသုံးပြုပြီး ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခိုပို့ဆောင်ခြင်း ကျူးလွန်သည့် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းအားတိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မဲခေါင်ဒေသတွင်း ၆ နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ခြင်းဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ–တရုတ်/ မြန်မာ–ထိုင်း/ မြန်မာ–လာအို/ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ မဲခေါင်မြစ်ဝှမ်းဒေသရှိနိုင်ငံများ၏ ဝန်ကြီးအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း Online မှတစ်ဆင့် ကျင်းပခဲ့ရာ ဖြစ်ပေါ်လာသည့် လူကုန်ကူးမှုလမ်းကြောင်းသစ်များနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရွှေ့ပြောင်းသွားလာခြင်းအတွင်း လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ဆန်းသစ်သောဆောင်ရွက်မှုများနှင့် ခေါင်းပုံဖြတ်မှုပပျောက်ရေးအတွက် ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဒေသဆိုင်ရာအစီအစဉ်များ ဖော်ဆောင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အတွေ့အကြုံများနှင့် အလေ့အထကောင်းများ မျှဝေဖလှယ်နိုင်ရန် (၁၇) ကြိမ်မြောက် လူကုန်ကူးမှုဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၃၅) ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးများအား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်း Online မှတစ်ဆင့် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် လူကုန်ကူးခံရသူများကို အလေးထား၍ ကိုယ်ချင်းစာနာ နားလည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုပပျောက်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပြည်သူလူထု၏ စည်းလုံးညီညွတ်သော အင်အားစုများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်း၍ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်**

၁၄။ လူကုန်ကူးမှုပြဿနာများနှင့် ကမ္ဘာ့ကုလသမဂ္ဂက ပြဋ္ဌာန်းထားသော ၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင် (၈) တွင် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် မတရားစေခိုင်းမှု၊ ခေတ်သစ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းသွားရန်ဟု ဖော်ပြထားပါသည်။ အဆိုပါရေရှည်ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် အထည်ချုပ်လုပ်ငန်းကဲ့သို့သော Labour Incentive Sector များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် လူကုန်ကူးမှုပြဿနာ နောက်ကွယ်ရှိ အဓိကလိုအပ်ချက်များ ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ကပ်ရောဂါပျံ့နှံ့မှုများကြောင့် ကမ္ဘာ့စီးပွားရေး ကျဆင်းစေခဲ့ပြီး ရောဂါထိန်းချုပ်ရေးကန့်သတ်ချက်များသည် အခြေခံလူတန်းစားများနှင့် ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအပေါ် ကြီးစွာသောဆင်းရဲဒုက္ခတို့ကို တွေ့ကြုံခံစားစေရကာ လူကုန်ကူးမှုကျူးလွန်သူများအတွက် ဆွဲဆောင်စည်းရုံးရန် အခွင့်အရေးတစ်ခု ဖြစ်ပေါ်စေလျက်ရှိပါသည်။

၁၅။ IT နည်းလမ်းဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ် အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် များစွာသောစိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးသည် စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ မူဝါဒနှင့် မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် များစွာမူတည်ပါသဖြင့် အောက်ပါတို့ကို လတ်တလောအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်–

(က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံများမှတစ်ဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ခ) လူကုန်ကူးမှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းဖြစ်သော ဆင်းရဲနွမ်းပါးမှုကြောင့် ဖြစ်ပေါ်လာသည့် ရပ်တည်ရန်ခက်ခဲမှု လျှော့ချရေးလုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ရပ်ရွာအခြေပြုစောင့်ကြည့်အဖွဲ့ (CWG) များ စွမ်းဆောင်ရည်မြင့်မားပြီး သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးရန် လိုအပ်ပါသည်။

(ဃ) လူကုန်ကူးမှုဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်းများတွင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(င) ကိုဗစ်–၁၉ ကပ်ရောဂါအန္တရာယ်ကျရောက်နေစဉ်နှင့် ကပ်ရောဂါအလွန် ကာလများအတွင်း လူကုန်ကူးမှုများ တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှုမှုခင်းများဆိုင်ရာ သုတေသနလုပ်ငန်းများ၊ လေ့လာစမ်းသပ်မှုများ၊ ဆောင်ရွက်၍ရရှိသော သုတေသနတွေ့ရှိချက်များကို အကျိုးရှိစွာပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(စ) လူကုန်ကူးခံရသူများ၏ တွေ့ကြုံခံစားရမှုများအပေါ် အခြေခံသည့် တုံ့ပြန်မှုနည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

(ဆ) အိမ်နီးချင်းနိုင်ငံများမှ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ ပူးပေါင်းစုံစမ်းဖော်ထုတ်မှုမြှင့်တင်ရန်နှင့် Online နည်းပညာအသုံးချဆောင်ရွက်နိုင်ရေးကိုလည်း တိုးမြှင့်ဖော်ဆောင်ရန် လိုအပ်ပါသည်။

၁၆။ ယခု ၂၀၂၁ ခုနှစ်၊ နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **“တားဆီး၊ ကယ်တင်၊ ကူညီရေး၊ လူကုန်ကူးခံရသူ အသံနားထောင်ပေး”** ဆိုသည့်အတိုင်း လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် လူကုန်ကူးခံရသူများကို အလေးထား၍ ကိုယ်ချင်းစာနာ နားလည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုပပျောက်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပြည်သူလူထု၏ စည်းလုံးညီညွတ်သော အင်အားစုများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်း၍ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို အခြေခံမှု (၇)ချက်ဖြင့် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ယုဇနပလာဇာအနောက်ရှိ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးခန်းမ၌ ကျင်းပခဲ့သည်။

**ဆေးသေတ္တာများပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးကျော်မြင့်အောင်က ဖတ်ကြား၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်ရှိ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူးများအား ကြက်ခြေနီ ဆေးသေတ္တာများ ပေးအပ်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မြို့နယ်များတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသည့် ပြည်သူများကို ကိုဗစ်ကာကွယ်ဆေးများထိုးရာတွင်လည်းကောင်း၊ အရေးပေါ်လူနာများကို ပါဝင်ကူညီပြုစုစောင့်ရှောက်ခဲ့ကြသည့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

## အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များအား ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရွှေ့လျားဈေးကားဖြင့် အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူကုန်ကူးမှုတိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့

IP Khaing Htoo Bo (ATIPD)

**ခေတ်ကာလယန္တရားတွေ ဘယ်လိုပဲပြောင်းလဲလာပါစေ၊ ကမ္ဘာဦးခေတ်ကာလကတည်းက ယခုအချိန်အထိ ကျန်ရှိနေတဲ့အရာတစ်ခုကတော့ လူအချင်းချင်းကျွန်ပြုမှုပဲဖြစ်ပါတယ်။ ဥရောပနိုင်ငံတွေမှာ ဘီစီ ၅၀၀ ခုနှစ်ခန့်ကတည်းက ကျွန်ရောင်းဝယ်မှုစနစ်တွေကို ပေါ်ပေါ်ထင်ထင် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တွေကို လိင်ဖျော်ဖြေမှုတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ အန္တရာယ်များတဲ့လုပ်ငန်းခွင်တွေအတွက် အသုံးပြုကြပါတယ်။ ၁၈၀၀ ပြည့်နှစ် နောက်ပိုင်းကာလတွေမှာတော့ ကျွန်စနစ်ဟာ လုံးဝပပျောက်သွားခဲ့ပေမယ့်လည်း ခေတ်သစ်ကျွန်ပြုမှုစနစ်ဖြစ်တဲ့ လူကုန်ကူးမှုဆိုတာ ပေါ်ပေါက်လာပါတော့တယ်။**

ခေတ်သစ်ကျွန်ပြုမှုဖြစ်တဲ့ လူကုန်ကူးမှုဆိုတာ မိမိအကျိုးစီးပွားတစ်ခုတည်းအတွက် လူတွေရဲ့ ကိုယ်ကာယ၊ လုပ်အားတွေကို ခေါင်းပုံဖြတ်အမြတ်ထုတ် အကျိုးအမြတ်ရယူခြင်းပဲ ဖြစ်ပါတယ်။ ခေတ်သစ်ကျေးကျွန်စနစ်ဖြစ်တဲ့ လူကုန်ကူးမှု ပြဿနာဟာ လူမှုအသိုင်းအဝိုင်းကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာ တစ်ရပ်ပဲ ဖြစ်ပါတယ်။ လူကုန်ကူးမှုဟာ ကြိုတင်ကြံစည် ကျူးလွန်လေ့ရှိတဲ့ ပြစ်မှုအမျိုးအစားဖြစ်ပြီး ငွေကြေးဆိုင်ရာမှုခင်းတွေနဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေလိုပဲ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခဝင်ငွေနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတွေကြောင့် လူကုန်ကူးမှုတွေ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လတ်တလောဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် စီးပွားရေးလုပ်ငန်းတွေ ရပ်ဆိုင်းသွားပြီး အလုပ်လက်မဲ့တွေ ပိုမိုများပြားလာတဲ့အတွက် လူကုန်ကူးမှုတွေ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။

### လူကုန်ကူးမှုဆိုတာဘာလဲ

မြန်မာနိုင်ငံမှာ ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၃(က)တွင် လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **“ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကို သော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ်**




**လက်ခံရယူရန် သဘောတူခြင်း”** ပြုရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်ဟု ဖော်ပြထားရှိပါသည်။ ဒါ့အပြင် ကမ္ဘာတစ်ဝန်းမှာ အငှားကိုယ်ဝန်ဆောင်ခြင်း၊ အဓမ္မ မွေးစားခြင်း၊ လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်း ကဲ့သို့သော လူကုန်ကူးမှုပုံစံအသစ်တွေ ဖြစ်ပွားလာတာကိုလည်း တွေ့ရှိရပါတယ်။

**လူကုန်ကူးခံရသူအများစုဟာ လူကုန်ကူးသူတွေကို မိမိတို့ရဲ့ဘဝအား မြှင့်တင်ပေးမယ့်ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားကြပြီး ၎င်းတို့ကို ခေါင်းပုံဖြတ်/ အသုံးချမှသာ လူကုန်ကူးခံရမှန်း သိရှိကြရခြင်း၊ သွေးသားတော်စပ်သူတွေက လူကုန်ကူးခြင်း၊ လူကုန်ကူးခံရကြောင်း တာဝန်ရှိသူတွေထံ တိုင်ကြားရန် ဝန်လေးနေကြခြင်းတွေကြောင့် လူကုန်ကူးမှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးရန်မှာ လွယ်ကူတဲ့လုပ်ငန်းတစ်ခုတော့ မဟုတ်ပါချေ။ သို့ဖြစ်ရာ ပြည်သူတွေအနေနဲ့ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အသိပညာတွေကို အပြည့်အဝ နားလည်သိရှိပြီး လူကုန်ကူးမှုကျူးလွန်လေ့ရှိသူတွေကို စောင့်ကြည့်ဖော်ထုတ်ရာမှာ တွဲလက်ညီညာစွာဖြင့် ပူးပေါင်းပါဝင်မှသာလျှင် လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေတွေကို လျှော့ချနိုင်မှာဖြစ်**

### ဘယ်သူတွေ လူကုန်ကူးခံရနိုင်လဲ

အမျိုးသမီးတွေ၊ အမျိုးသားတွေ၊ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေပါမကျန် ကျား/မ အသက်အရွယ်မရွေး လူကုန်ကူးခံရနိုင်ခြေရှိကြောင်း သတိထားစေလိုပါတယ်။ လူကုန်ကူးမှု ကျူးလွန်ခံရသူအများစုဟာ ဘဝရပ်တည်ဖို့ခက်ခဲတဲ့ အခြေအနေတွေကြောင့် အလုပ်အကိုင်နဲ့ ဝင်ငွေတွေရရှိဖို့ မျှော်လင့်ခြင်း၊ မိမိနဲ့ မိသားစုဘဝအခြေအနေ မြင့်မားလာမယ်လို့ မျှော်လင့်ခြင်း၊ မိမိ၏ဆင်းရဲသောဒုက္ခမှ လွတ်မြောက်မည်ဟု မျှော်လင့်ခြင်း၊ ဘဝအသစ်ထူထောင်လိုခြင်းတွေကြောင့် လူကုန်ကူးသူတွေရဲ့ မက်လုံးပေးစည်းရုံးမှုတွေကို ယုံကြည်ရာမှ လူကုန်ကူးခံရမှု အများဆုံးဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လူငယ်လူရွယ်တွေအနေနဲ့လည်း Facebook၊ TIK TOK လူမှုကွန်ရက်အသုံးများလာခြင်း၊ မိမိရဲ့ဘဝအခြေအနေအမှန်ကို လက်ခံခြင်းမရှိဘဲ ခေတ်နဲ့အညီ ဝတ်စားဆင်ယင်လိုခြင်း၊ အပျော်အပါးမက်ခြင်းတွေက လူကုန်ကူးမှုဖြစ်ပွားစေဖို့ တွန်းအားပေးလျက်ရှိပါတယ်။

လူကုန်ကူးခံရသူအများစုဟာ လူကုန်ကူးသူတွေကို မိမိတို့ရဲ့ဘဝအား မြှင့်တင်ပေးမယ့် ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားကြပြီး ၎င်းတို့ကို ခေါင်းပုံဖြတ်/ အသုံးချမှသာ လူကုန်ကူးခံရမှန်း သိရှိကြရခြင်း၊ သွေးသားတော်စပ်သူတွေက လူကုန်ကူးခြင်း၊ လူကုန်ကူးခံရကြောင်း တာဝန်ရှိသူတွေထံ တိုင်ကြားရန် ဝန်လေးနေကြခြင်းတွေကြောင့် လူကုန်ကူးမှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးရန်မှာ လွယ်ကူတဲ့ လုပ်ငန်းတစ်ခုတော့ မဟုတ်ပါချေ။ သို့ဖြစ်ရာ ပြည်သူတွေအနေနဲ့ လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့ အသိပညာတွေကို အပြည့်အဝ နားလည်သိရှိပြီး လူကုန်ကူးမှု ကျူးလွန်လေ့ရှိသူတွေကို စောင့်ကြည့်ဖော်ထုတ်ရာမှာ တွဲလက်ညီညာစွာဖြင့် ပူးပေါင်းပါဝင်မှသာလျှင် လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

### ဘယ်သူတွေက ဘယ်လိုလူကုန်ကူးနေလဲ

လူကုန်ကူးသူတွေဟာ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆိုဖြစ်နိုင်ပြီး အမျိုးသမီး/ အမျိုးသား ခွဲခြားလို့မရပါ။ ထို့အပြင် လူကုန်ကူးသူတွေဟာ သူစိမ်းတွေထက် ဆွေမျိုးသားချင်းတွေ၊ အသိမိတ်ဆွေတွေ၊ ယုံကြည်အားကိုးရသူတွေ၊ လူကုန်ကူးခံရသူတွေအပေါ် ဩဇာညောင်းသူတွေလည်း ပါဝင်တတ်ကြပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းတွေ ရပ်ဆိုင်းသွားခြင်း၊ အလုပ်လက်မဲ့များပြားလာခြင်းတို့ ဖြစ်ပွားလျက်ရှိရာ လူကုန်ကူးသူတွေအတွက် အခွင့်အလမ်းတွေ ပိုမိုရရှိစေလျက်ရှိပါတယ်။ လူကုန်ကူးသူတွေဟာလည်း အဲဒီအခွင့်အလမ်းတွေကိုအသုံးချပြီး ရွှေ့ပြောင်းအလုပ်သမားများ၊ မိသားစုစီးပွားရေးအကျပ်အတည်းကြောင့် ပညာဆက်လက်သင်ကြားနိုင်ခြင်း မရှိတော့တဲ့ ကလေးသူငယ်တွေ၊ အလုပ်လက်မဲ့တွေကို လူကုန်ကူးမှုကျူးလွန်ရန် စုဆောင်းလျက်ရှိပါ တယ်။

ယနေ့ကမ္ဘာကြီးမှာ အွန်လိုင်းအသုံးပြုမှု ပိုမိုတွင်ကျယ်လာတာနဲ့အမျှ အွန်လိုင်းအသုံးပြုတဲ့ ပြစ်မှုကျူးလွန်မှုတွေလည်း တိုးပွားလာပါတယ်။ လူကုန်ကူးသူတွေဟာ လူမှုကွန်ရက်တစ်ခုခုကို အသုံးပြုပြီး ၎င်းတို့ပစ်မှတ်ထားသူတွေကို အလုပ်အကိုင်မက်လုံးပေး၍ စည်းရုံးခြင်း၊ ချစ်ကြိုက်ဟန်ဆောင်၍စည်းရုံးခြင်း၊ ရင်းနှီးမှုရယူ၍ စည်းရုံးခြင်းတွေအပြင် လူမှုကွန်ရက်မှတစ်ဆင့် သမီးရည်းစားဖြစ်သူတွေကို လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်း အစရှိတဲ့နည်းလမ်းတွေနဲ့ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာအစိုးရဌာနတွေရဲ့ စာရွက်စာတမ်းတွေကို အတုပြုလုပ်ပြီး လူကုန်ကူးမှု၊ တရုတ်အမျိုးသားတွေရဲ့ သတို့သမီးလိုအပ်ချက်ကြောင့် စည်းရုံးလက်ထပ်မှုများ၊ တရုတ်အမျိုးသားတွေနဲ့လက်ထပ်ဖို့ ဥပဒေနဲ့အညီ တည်ထောင်ထားခြင်းမရှိတဲ့ ကုမ္ပဏီတွေက တရားမဝင်ပို့ဆောင်မှုတွေလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနဲ့ ခေါင်းပုံဖြတ်ခံရမှုတွေကဲ့သို့သော လူကုန်ကူးမှုတွေကို ဆင်းရဲနွမ်းပါးတဲ့မိသားစုက မိန်းကလေးငယ်တွေနဲ့ ကလေးသူငယ်တွေက ပိုမိုခံစားရကြောင်း တွေ့ရှိရပါတယ်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်တဲ့ လူကုန်ကူးမှုတွေဟာ အထူးသဖြင့် ကာရာအိုကေခန်းတွေ၊ အနှိပ်ခန်းတွေ၊ အလှပြင်ဆိုင်တွေနဲ့ Club တွေကတစ်ဆင့် ပိုမိုဖြစ်ပွားလျက်ရှိတာကို တွေ့ရှိရပါတယ်။

အလုပ်သမားစုဆောင်းသူတွေဟာ အလုပ်သမားတွေကို စုဆောင်းရာတွင် ဝန်ဆောင်ခနဲ့ စာရွက်စာတမ်းကြေးကို ကြိုတင်ငွေမှဖြတ်တောက်မယ်လို့ ပြောဆိုစည်းရုံးပြီး အိမ်အကူလုပ်ငန်း၊ အစားအသောက်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ငါးဖမ်းလုပ်ငန်းတွေကို ပို့ဆောင်ကြပါတယ်။ လုပ်ငန်းခွင်သို့ရောက်ရှိတဲ့အခါ အကြွေးဖြင့်ချည်နှောင်ပြီး အနိုင်အထက်ပြုခြင်း၊ ပတ်စ်ပို့သိမ်းဆည်းခြင်း၊ စာချုပ်ပြောင်းလဲခြင်း၊ လုပ်အားခပြင်ဆင်သတ်မှတ်ခြင်းနဲ့ လစာဖြတ်တောက်ခြင်းတွေ ပြုလုပ်လေ့ရှိကြောင်း တွေ့ရှိရပါတယ်။

စာမျက်နှာ ၇ သို့

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

### မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

### စက်တင်ဘာလ ၁၃ ရက်



**၂၀၂၁ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

❂ စာမျက်နှာ ၆ မှ

**လူကုန်ကူးမှုကျူးလွန်ခံရခြင်းရဲ့ ဆိုးကျိုးတွေကဘာတွေလဲ**

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုတွေ အများအပြားဖြစ်ပွားလျက်ရှိနေပေမယ့် နိုင်ငံသားအများစုကတော့ လူကုန်ကူးမှုတွေကို ယုံတမ်းတစ်ခုလိုသဘောထားပြီး အလေးမထားကြပါ။ လူကုန်ကူးခံရပါက လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ ရိုက်နှက်ခံရခြင်း၊ ပိတ်လှောင်ခံရခြင်း၊ အစာမစားရခြင်း၊ အိပ်ရေးဝဝ မအိပ်ရခြင်း၊ နားချိန်မရှိခြင်း၊ သတ်မှတ်နာရီထက် အချိန်ပိုခိုင်းစေခံရခြင်း၊ နှိပ်စက်ခိုင်းစေခံရခြင်း၊ အမြဲတမ်းကြောက်ရွံ့နေရခြင်း၊ လူ့အခွင့်အရေးတွေဆုံးရှုံးခြင်း၊ အန္တရာယ်ရှိသောလုပ်ငန်းခွင်တွေမှာ ခိုင်းစေခံရခြင်း၊ သဘောတူထားသည့်အတိုင်း လစာမရရှိခြင်း (သို့မဟုတ်) လုံးဝမရရှိခြင်း၊ ဂုဏ်သိက္ခာဆုံးရှုံးခြင်း၊ ရောဂါရရှိခြင်း၊ အမျိုးအနွယ်ပျက်စီးစေခြင်း အစရှိသည့် ကိုယ်ရောစိတ်ပါနှိပ်စက်ညှဉ်းပန်းခြင်းတွေ ခံရနိုင်ပါတယ်။ အဲဒီလိုဆိုးကျိုးများစွာ ခံစားရနိုင်တဲ့အတွက် စာရေးသူတို့နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ လူကုန်ကူးမှုကိုကပ်ရောဂါတစ်ခုလို ကြောက်ရွံ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင်စေချင်ပါတယ်။

**လူကုန်ကူးမှုကျူးလွန်မခံရအောင်ဘယ်လိုကာကွယ်မလဲ**

ရွှေ့ပြောင်းသွားလာခြင်းသည် ထူးဆန်းသောအရာတစ်ခုမဟုတ်ဘဲ ရှေးယခင်နှစ်ပေါင်းများစွာကပင် လူသားတွေဟာ တစ်နေရာမှတစ်နေရာ၊ တစ်နိုင်ငံမှတစ်နိုင်ငံ ရွှေ့ပြောင်းသွားလာခဲ့ကြပါတယ်။ ထိုသို့ရွှေ့ပြောင်းသွားလာရာမှာ လူမျိုးမတူခြင်း၊ ဘာသာစကားမတူခြင်း၊ အစားအသောက်မတူခြင်း၊ ယဉ်ကျေးမှုမတူခြင်း၊ ဓလေ့ထုံးတမ်းမတူခြင်း၊ ရာသီဥတုမတူခြင်း၊ ပတ်ဝန်းကျင်မတူခြင်း အစရှိတဲ့အခက်အခဲတွေ အရင်ဆုံးတွေ့ကြုံရမှာဖြစ်ပြီး နောက်ဆက်တွဲအနေနဲ့ လူကုန်ကူးခြင်းခံရနိုင်ပါတယ်။

သို့ဖြစ်ရာ မိမိရဲ့နေရပ်မှ နိုင်ငံအတွင်း အခြားတစ်နေရာရာသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)အားယူဆောင်သွားရမည့်အပြင် လုပ်ကိုင်ရမည့်အလုပ်အကိုင်၊ လုပ်ခလစာ၊ အလုပ်ရှင်အမည် (သို့မဟုတ်) လုပ်ငန်းအမည်၊ ဥပဒေနှင့် ငြိစွန်းသောအလုပ်ဟုတ်/မဟုတ်၊ လုပ်ငန်းခွင်ကို ရောက်ရှိတဲ့အခါမျှော်မှန်းထားတဲ့ လုပ်ခလစာနှင့် အလုပ်အကိုင်ကွဲလွဲနေပါက ချိတ်ဆက်ဆောင်ရွက်ရမယ့်သူ၊ သက်ဆိုင်ရာအစိုးရဌာနတွေနဲ့ လူမှုကူညီရေးအသင်းတွေရဲ့ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေကို သိရှိထားဖို့ လိုအပ်ပါတယ်။ သို့မှသာ အခက်အခဲတစ်ခုခုကြုံတဲ့အခါ အကူအညီတောင်းခံနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံသားတစ်ဦးအနေနဲ့ အခြားနိုင်ငံတွေကိုရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှာ တရားမဝင်သွားရောက်ခြင်းမပြုဘဲ တရားဝင်ရွှေ့ပြောင်းသွားလာသင့်ကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။ တရားမဝင်သွားရောက်ပါက ငါးဖမ်းစက်လှေတွေ၊ အန္တရာယ်ရှိလုပ်ငန်းခွင်တွေ၊ စက်ရုံတွေ၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းတွေမှာ ရောင်းစားခံရခြင်း၊ အလုပ်ရှင်တွေမှာ လိမ်လည်လှည့်ဖြားခြင်းတွေ ခံရနိုင်ပါတယ်။ အခြားနိုင်ငံတွေကို ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်လိုပါက တရားဝင်မှတ်ပုံတင်ထားတဲ့အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေနဲ့သာချိတ်ဆက်ဆောင်ရွက်၍ တရားဝင်လမ်းကြောင်းမှသွားလာဖို့ အရေးကြီးပါတယ်။ ထိုသို့သွားလာရာမှာတရားဝင်စာရွက်စာတမ်း အထောက်အထားတွေရယူခြင်း၊ သွားရောက်အလုပ်လုပ်ကိုင်မယ့် နိုင်ငံ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ခလစာ၊ ငွေကြေးလဲလှယ်မှုနှုန်းထား၊ စာချုပ်ပါအချက်အလက်တွေကိုလည်းလေ့လာမှတ်သားထားဖို့ အရေးကြီးပါတယ်။

မိမိသွားရောက်မယ့်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ တရားဝင် အလုပ်သမားစေလွှတ်ခွင့်ပြုထားတဲ့ နိုင်ငံဖြစ်ဖို့လည်း လိုအပ်ပါတယ်။ မိမိနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတဲ့ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီဟာ တရားဝင်အေဂျင်စီ ဟုတ်/ မဟုတ်၊ မိမိသွားရောက်မယ့်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ တရားဝင်အလုပ်သမား စေလွှတ်ခွင့်ရှိတဲ့ နိုင်ငံ ဟုတ်/မဟုတ် သိရှိလိုပါက သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွေမှာ စုံစမ်းနိုင်ပါတယ်။ ဒါ့အပြင် မိမိသွားရောက် အလုပ်လုပ်ကိုင်မယ့်နိုင်ငံရှိ မြန်မာနိုင်ငံသံရုံးနဲ့ အကူအညီပေးနိုင်မယ့် လူပုဂ္ဂိုလ်၊ လူမှုကူညီရေးအဖွဲ့အစည်းတွေကို ဆက်သွယ်ရမယ့် ဖုန်းနံပါတ်နဲ့ လိပ်စာတွေကို သိရှိထားရန်လည်း လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးမဟာဗျူဟာတွေ၊ နည်းဗျူဟာများ၊ လုပ်ငန်းစီမံချက်တွေချမှတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစီမံချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တွေနဲ့ ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်း၊ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေနဲ့နှစ်နိုင်ငံ၊ နိုင်ငံတွေအကြား နားလည်မှုစာချွန်လွှာများချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းတွေ၊ စာချုပ်တွေမှာ လက်မှတ်ရေးထိုး၍ ပါဝင်ဆောင်ရွက်ခြင်းတွေအပြင် နိုင်ငံတကာနဲ့ ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေကို မီဒီယာတွေ၊ ရုပ်မြင်သံကြား၊ အသိပညာပေးဆိုင်းဘုတ်တွေနဲ့ လည်းကောင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် လူကုန်ကူးမှုကြိုတင်ကာကွယ်ခြင်းနဲ့ စုံစမ်းဖော်ထုတ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသောအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေအကြား နားလည်မှုခိုင်မာအားကောင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်မှသာ လူကုန်ကူးသူတွေကို ဖော်ထုတ်၍ လူကုန်ကူးမှုတွေထပ်မံမကျူးလွန်စေရေး ထိရောက်သောပြစ်ဒဏ်တွေ ပေးအပ်နိုင်မှာလည်း ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ လူကုန်ကူးသူ လူပွဲစားတွေဟု သင်္ကာမကင်းဖွယ်ရှိသူတွေမိမိတို့ရပ်ရွာအတွင်းရောက်ရှိလာခြင်း၊ မိမိအသက်အရွယ်၊ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု အစရှိတဲ့အရည်အချင်းတွေထက် ပိုမိုများပြားသော လုပ်ခလစာတွေဖြင့်မက်လုံးပေးစည်းရုံးခြင်းနဲ့ လူကုန်ကူးမှုသတင်းတွေရရှိပါက ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့တွေ၊ ရဲစခန်းတွေ၊ လူကုန်ကူးမှု Hot Line သတင်း လက်ခံဌာနတွေ၊ လူမှုအဖွဲ့အစည်းတွေထံ သတင်းပေးခြင်း၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေဖြစ်တဲ့ အသိပညာပေးလုပ်ငန်းတွေ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းတွေ၊ အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းလုပ်ငန်းတွေ၊ စည်းရုံးလှုပ်ရှားမှုတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိရပ်ရွာအတွင်းရှိအမျိုးသမီးတွေနဲ့ ကလေးတွေသာမက မည်သူမဆိုလူကုန်ကူးမခံရစေရန် **“လူကုန်ကူးမှု တိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့”**ဟူ၍ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

## ရွှေတောင်မြို့ရှိ ကျေးရွာ ၁၆ ရွာ၌ ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်း ပို့ချပြီးဖြစ်

**ရွှေတောင် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကာလအတွင်း ကျေးလက်နေပြည်သူများ၏ ခေါင်းဆောင်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများကိုပိုမိုသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၁၆ ရွာ၌ ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ယခုနှစ်ဩဂုတ်လမှ စတင်ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်ကျေးရွာများအနက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ငါးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာ ကိုးရွာ၊ ရေပေးရေးဆောင်ရွက်ခဲ့သည့် ကျေးရွာ နှစ်ရွာ စုစုပေါင်းကျေးရွာ ၁၆ ရွာမှ သင်တန်းသား ၈၂ ဦး၊ သင်တန်းသူ ၃၀ ကို ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာများကို စနစ်တကျလေ့ကျင့်သင်ကြားပို့ချပေးနိုင်ခဲ့သည်။

သင်တန်းဖွင့်လှစ်ပြီးစီးသည့် ကျေးရွာ ၁၆ ရွာကို စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း၊ ဆန်းစစ်အမှတ်ပေးမှုများ ပြုလုပ်ခြင်းနှင့် စံပြကျေးရွာရွေးချယ်ခြင်းတို့ကိုလည်း ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေတောင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

ကနောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်း မပျက်ယွင်းရအောင် တာဝန်ယူဦးဆောင်ဦးရွက်ပြုခဲ့တာ ခုနစ်လတာပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

စတင်တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ် စတဲ့အစောပိုင်းလတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့ စေတနာအရင်းခံ ဆောင်ရွက်မှုတွေက ပိုမိုမြင်သာ ထင်ရှားလာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေကို ယခင်လများထက် ပိုမိုမြင်တွေ့လာရသလို ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ ပြည်သူ၊ အသင်းအဖွဲ့တွေနဲ့ တပ်မတော်သားတွေအားလုံး ညီညီညာညာနဲ့ တွန်းလှန်ကြခြင်းရဲ့ အဖူးအပွင့်တွေအဖြစ် ပိုးတွေ့လူနာဦးရေလည်း မျှော်မှန်းအခြေအနေကို ကျဆင်းလာခဲ့ပြီ ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ လူမှုစီးပွားဘဝတွေကို အမြန်ဆုံးပြန်လည်ဦးမော့စေဖို့ အခြေခံစီးပွားရေးလုပ်ငန်းတွေအပါအဝင် ကဏ္ဍအသီးသီးမှာ မြှင့်တင်မှုတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြသလို လာလတ္တံ့သော မျိုးရိုးဗီဇကွဲ ကိုဗစ်အစွယ်အပွားတွေကို တိုက်ထုတ်ရာမှာ အရေးကြီးတဲ့ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်တွေကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ အားကောင်းလာခဲ့ပြီဖြစ်ပါတယ်။



အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဩဂုတ် ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ်။




ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။

(ယမန်နေ့မှအဆက်)

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဩဂုတ်လ ၆ ရက်ကကျင်းပတဲ့ (၁၄) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးကို တက်ရောက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးအတွင်း ကိုဗစ်-၁၉တတိယလှိုင်းအတွက် လိုအပ်တဲ့အကူအညီများပေးအပ်ခြင်းအတွက် ဂျပန်နိုင်ငံအပေါ် အထူးကျေးဇူးတင်ကြောင်းပြောကြားကာ ထပ်မံကူညီပံ့ပိုးပေးနိုင်ရန်အတွက် တိုက်တွန်းခဲ့ပါတယ်။

ဩဂုတ်လ ၇ ရက်က ကျင်းပခဲ့တဲ့ (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်ခဲ့ပါတယ်။ ဖိုရမ်အတွင်း ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် လက်တွဲဆောင်ရွက်လျက်ရှိတဲ့ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် အဓိပ္ပာယ်ပြည့်ဝတဲ့ နိုင်ငံရေးဆွေးနွေးမှု ဆောင်ရွက်နိုင်ရေးမှာ အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ တရားမဝင်အသင်းအဖွဲ့တွေ မပါဝင်သင့်ကြောင်း ထောက်ပြခဲ့သလို ယင်းကိုလည်း အေအာရ်အက်ဖ် အဖွဲ့ဝင်နိုင်ငံများက ရှုတ်ချသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ်အရေး အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ တိုက်တွန်းချက်တွေလည်း ပြောကြားခဲ့တာ မြင်တွေ့ရပါတယ်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာပါဝင်တဲ့ မြန်မာနိုင်ငံရဲ့ စီမံကိန်း ၂၂ ခု အတွက် တရုတ်နိုင်ငံက ရန်ပုံငွေအဖြစ် အမေရိကန် ဒေါ်လာ ၆ ဒသမ ၁ သန်း ကျော်ကို ဩဂုတ်လ ၁၀ရက် က လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဝန်ကြီးဌာန ၁၁ ခုကနေ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် စီမံကိန်းတွေဖြစ်ပြီး သမားရိုးကျမဟုတ်တဲ့ လုံခြုံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေး၊ တိရစ္ဆာန် ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင် ရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနဲ့နည်းပညာအစ ရှိတဲ့ နယ်ပယ်အသီးသီးမှာ စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

အာရှပစိဖိတ်ဒေသနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကဇုန်၊ အမေရိကဇုန် နိုင်ငံများက မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေက သံရုံးအကြီးအကဲတွေကို လက်ရှိဖြစ်ပေါ်တိုးတက်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ဆောင်ရွက်ချက်တွေကို အသိပေးဆွေးနွေးတဲ့အစီအစဉ်ကိုလည်း ဩဂုတ်လ ၁၁ ရက်နဲ့ ၁၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးတွေကိုယ်တိုင် ဗီဒီယိုကွန်ဖရင့်နဲ့ ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနဲ့ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ်များကျင်းပနိုင်ဖို့ အကြိုညှိနှိုင်းမှုတွေကို ဩဂုတ်လဒုတိယပတ်အတွင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဩဂုတ်လ ၁၁ ရက်ကကျင်းပခဲ့တဲ့ (၁၅)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးနဲ့ ဩဂုတ် ၂၃ရက်က ကျင်းပခဲ့တဲ့ (၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေးနီးနှောဖလှယ်ပွဲတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ထို့အတူ (၄၂)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ တက်ရောက်ခဲ့ကြပါတယ်။

ဩဂုတ်လ ၂၄ ရက်က CLMVT Plus Forum 2021 ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ ဆက်စပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ တက်ရောက်ဆွေးနွေးခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ ထို့အတူ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ရဲ့ ဒုတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးနဲ့ Side Event သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေ ပါဝင်တက်ရောက်ခဲ့ပြီး ကော်မရှင်ရဲ့ဆောင်ရွက်ချက်၊ ရင်ဆိုင်ကြုံတွေ့ရတဲ့စိန်ခေါ်မှု စတာတွေကို ပါဝင်ဆွေးနွေးခဲ့ပါတယ်။

## အာဆီယံနိုင်ငံနဲ့ မိတ်ဖက်နိုင်ငံတွေရဲ့ ချစ်ခင်ရင်းနှီးမှုကိုမြင်တွေ့ရ

အာဆီယံမှ မြန်မာနိုင်ငံကို ပေးအပ်ဖို့ရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီများနဲ့ပတ်သက်ပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနဲ့ နယူးဇီလန်နိုင်ငံတွေက ငွေကြေးအမေရိကန် ဒေါ်လာ ခုနစ်သိန်းနဲ့ ဩစတြေးလျ ဒေါ်လာ ငါးသန်း၊ ယူရို ၃၇၀၀၀၀ လှူဒါန်းကြဖို့ ကတိပြုထားပြီး ကျန်နိုင်ငံများကလည်း ပစ္စည်းအားဖြင့် အကူအညီတွေ ပေးအပ်သွားဖို့ ကတိကဝတ် ရှိခဲ့ပါတယ်။

စာမျက်နှာ ၉ သို့ ☆



ဩဂုတ် ၁၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူခဲ့သည့် တွန်း/ဆွဲရေယာဉ်သစ်နှစ်စင်း ရန်ကုန်မြို့ ပန်းဆိုးတန်းနန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိစဉ်။

**နိုင်ငံသားတွေရဲ့ လူမှုဘဝပြည့်စုံရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မှတ်ပုံတင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိတဲ့ ပန်းခင်းစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရပါတယ်။ ပြည်သူတွေ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ကြဖို့ မီဒီယာတွေကနေ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပညာပေးဖို့အတွက် ဖော်ဆောင်လျက်ရှိ**

☆ စာမျက်နှာ ၈ မှ

ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြု ပစ္စည်းတွေကို ဩဂုတ်လ ၁၉ ရက်က အထူးလေယာဉ် သုံးစင်းနဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်လှူဒါန်းပေးခဲ့ပါတယ်။ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများက အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှု ဗဟိုကော်မတီက တစ်ဆင့်လှူဒါန်းတဲ့ အမေရိကန်ဒေါ်လာ တစ်သိန်း၊ ကမ္ဘောဒီးယားအစိုးရက မြန်မာအစိုးရကိုလှူဒါန်းတဲ့ အမေရိကန်ဒေါ်လာ နှစ်သိန်းတို့အား ထပ်မံပံ့ပိုးလှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။ ထို့အတူ ဩဂုတ်လ ၂၀ ရက်က အိန္ဒိယအစိုးရက ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းများအတွက် လိုအပ်တဲ့ဆေးနဲ့ဆက်စပ်ပစ္စည်း ကုန်ချိန်တန် ၄၀ ခန့်ကို ပေးပို့လှူဒါန်းခဲ့ပါတယ်။

## မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများအား ချေပရှင်းလင်း

နိုင်ငံခြားရေးဝန်ကြီးဌာနက ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်ရဲ့ ဩဂုတ်လ ၈ ရက် သတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံဘက်မှ သဘောထားကို ဩဂုတ်လ ၉ ရက် ရက်စွဲနဲ့ ပြတ်ပြတ်သားသား ပြန်လည်သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီသတင်းထုတ်ပြန်ချက်အတွင်း အမေရိကန်အမြဲတမ်းကိုယ်စားလှယ်ရဲ့ ပြောဆိုချက်များက စွပ်စွဲပြစ်တင်တဲ့သဘောထားဖြစ်ပြီး ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်တို့လိုက်နာရမယ့်အချက်တွေကို ချိုးဖောက်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကန့်ကွက်ကြောင်းဖော်ပြထားပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီး လက်ရှိမှာ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ တရားစွဲဆိုထားတဲ့ ဦးကျော်မိုးထွန်းအပေါ် ရပ်တည်ထောက်ခံအားပေးနေခြင်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအကြား စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေကို လိုက်နာရန်သွေဖည်ခြင်းဖြစ်ကြောင်းနဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာပါဝင်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ အပြန်အလှန်လေးစားမှုရှိရန်ဆိုတဲ့ အခြေခံမှုတွေကို လိုက်နာဖို့အတွက် မြန်မာနိုင်ငံဘက်က တောင်းဆိုလိုက်တဲ့ ကြေညာချက်တစ်ရပ်လည်း ဖြစ်ပါတယ်။

ထို့အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအခြေအနေနဲ့စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဩဂုတ်လ ၈ ရက်က ကျင်းပခဲ့တဲ့အပေါ်မှာလည်း မြန်မာနိုင်ငံအနေနဲ့ ပြင်းထန်စွာကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဩဂုတ်လ ၁၂ ရက်ထုတ် သတင်းထုတ်ပြန်ချက်မှာ မြင်တွေ့ရပါတယ်။ အတည်ပြုနိုင်ခြင်းမရှိတဲ့ မှားယွင်းတဲ့ သတင်းအချက်အလက်တွေကို အခြေခံပြီး တစ်ဖက်သတ်စွပ်စွဲပြောကြားထားသလို နိုင်ငံတော်အစိုးရရဲ့ ဒီမိုကရေစီကူးပြောင်းရေးဆောင်ရွက်ချက်တွေ၊ အသိပေးနေတဲ့ သတင်းအချက်အလက်အမှန်တွေကို လျစ်လျူရှုခဲ့ပြီး ဖိအားပေးရာရောက်တဲ့ အဆိုပြုမှုတွေပြုလုပ်ခဲ့ကြောင်းကို သတင်းထုတ်ပြန်ချက်မှာ ဖော်ပြပါရှိပါတယ်။

ထုတ်ပြန်ချက်အတွင်း တရားမဝင်အဖွဲ့အစည်းများနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ CRPH, NUG စတဲ့ အဖွဲ့အစည်းတွေနဲ့ ထောက်ခံသူတွေက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတဲ့ နေရာတွေအထိ တိုက်ခိုက်မှုတွေရှိခဲ့တာကို အထူးကိုယ်စားလှယ်အနေနဲ့ မဖော်ပြထားတာကိုလည်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။
*ဓာတ်ပုံ - ယာဆေး(ပြန်/ဆက်)*

သိရှိခဲ့ရပါတယ်။ နိုင်ငံရဲ့အခြေအနေကို ပြင်ပကနေ ဝင်ရောက်စွက်ဖက်လိုသူတွေဘက်က ချဲ့ကားပြောဆိုခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး အထူးကိုယ်စားလှယ်ဆိုသူအား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပြုသဘော၊ ဘက်လိုက်မှုမရှိ ဆောင်ရွက်ရန် တိုက်တွန်းခဲ့တဲ့အပြင် ကုလသမဂ္ဂရဲ့ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေနဲ့ ပဋိညာဉ်စာတမ်းပါ အခြေခံမှုတွေကို ချိုးဖောက်ရာရောက်တဲ့အတွက် ကန့်ကွက်ခဲ့တာ ဖြစ်ပါတယ်။

## ပြည်သူ့အတွက်ဆောင်ရွက်ချက်

ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက်နဲ့ အခြေခံပညာကျောင်းများ ယာယီပိတ်ထားခြင်းတွေကို တိုးမြှင့်သတ်မှတ်ခြင်းတွေကို ဩဂုတ်လ ၃၁ ရက်အထိ တိုးမြှင့်ခဲ့ပါတယ်။ အဲဒီရက်တွေမှာ ဗဟိုဘဏ်အပါအဝင် အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်တွေကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ အများပြည်သူအလုပ်ပိတ်ရက်ကာလ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ထုတ်ပြန်အသိပေးခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဩဂုတ်လ ၁ ရက် ရက်စွဲနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အတူ ဩဂုတ်လ ၂၄ ရက်က ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့ပါတယ်။

မိုးတွင်းကာလဖြစ်တာနဲ့အညီ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှုစတဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရတဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို နယ်မြေခံစစ်ဌာနချုပ်များက တပ်မတော်သားတွေနဲ့ ပြည်သူတွေက ပူးပေါင်းပြီး လက်တွဲညီညီ ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကြုံလာပါကလည်း ထောက်ပံ့ပေးအပ်နိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်းတွေကို ကြိုတင်ပြင်ဆင်ထားလျက်ရှိတာကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဩဂုတ်လ ၈ ရက်က သိရှိရပါတယ်။

ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနဲ့ ဘာသာပေါင်းစုံတို့၏ ဘာသာရေးကျောင်းများ၊ အသင်းတော်များစတာတွေအပြင် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များထံသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ စတဲ့ အမယ်လေးမျိုး အပါအဝင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနဲ့ အလှူငွေများကို အနယ်နယ်အရပ်ရပ်မှာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆင့်ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များက လှူဒါန်းပေးလျက်ရှိတာကိုလည်း ယခုလအတွင်း မြင်တွေ့ရပါတယ်။

ပြည်ပနိုင်ငံတွေက ပြန်လည်ရောက်ရှိလာတဲ့ မိမိတို့နိုင်ငံသားတွေကို စနစ်တကျ လက်ခံပေးနိုင်ဖို့နဲ့ ဘေးကင်းလုံခြုံစွာနဲ့ နေရပ်ကိုပြန်နိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။ နေရပ်ပြန်တွေကို ကိုဗစ်-၁၉ စည်းကမ်းချက်တွေနဲ့အညီ ကြိုဆိုလက်ခံပြီး စနစ်တကျစောင့်ကြည့်စစ်ဆေးတာ၊ ကန့်သတ်စောင့်ကြည့်ရေးထားရှိတာနဲ့ ကျန်းမာရေးကောင်းမွန်သူတွေကို နေရပ်ပြန်နိုင်ဖို့အတွက် စီစဉ်ပေးတာတွေကိုလည်း မြင်တွေ့ရပါတယ်။ သာဓကအနေနဲ့ ဩဂုတ်လ ၁၉ ရက်က လာအိုနိုင်ငံကနေ ပြန်လည်လွှဲပြောင်းလာခဲ့တဲ့ မြန်မာနိုင်ငံသား ၃၄၈ ဦးကို တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းမှာ တာဝန်ရှိသူတွေက နွေးထွေးစွာကြိုဆိုပေးခဲ့ကြပါတယ်။ အဲဒီနောက် ကိုဗစ်ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခဲ့ပြီး လိုအပ်တဲ့ စောင့်ကြည့်ကုသမှု၊ ကန့်သတ်ထားရှိမှုတွေနဲ့ နေရပ်ကိုပြန်နိုင်စေဖို့ ကူညီမှုတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဩဂုတ်လ ၁၁ ရက်က အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းဖြစ်ပြီး ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုကာကွယ်ဟန့်တားဖို့နဲ့ ချုပ်ရက်ရှည်ကြာနေတဲ့ တရားခံတွေကို သတ်မှတ်ချက်နဲ့အညီ သက်ညှာစွာနဲ့ အမှုပိတ်သိမ်းနိုင်ဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။ ကန့်သတ်ထားတဲ့ အမှုများမှအပ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နဲ့ မတိုင်မီကာလမှာ ပြစ်မှုတစ်ခုခုနဲ့ တရားစွဲဆိုခံရတဲ့ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုတွေကို ပိတ်သိမ်းပေးမယ်လို့ သိရပါတယ်။ သို့သော် ထိခိုက်နစ်နာစေတဲ့ ပြစ်မှုတွေနဲ့စပ်လျဉ်းပြီး နစ်နာသူတွေက အမှုပိတ်သိမ်းခြင်း မပြုလိုလျှင်လည်း အမှုကို ဆက်လက်စစ်ဆေးပေးမှာ ဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း)ကို အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဩဂုတ်လ ၄ ရက်က ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း မသန်စွမ်းသူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်စေဖို့ ညှိနှိုင်းဆွေးနွေးမှုတွေကိုလည်း မြင်တွေ့ရပါတယ်။ လက်ရှိမှာ မသန်စွမ်းသူတွေကို ကနဦးထောက်ပံ့ငွေကျပ် ၃၀၀၀၀ ပေးအပ်လျက်ရှိပြီး ဆက်လက်၍လည်း ကာကွယ်ဆေးထိုးနှံနိုင်စေဖို့၊ ရန်ပုံငွေထူထောင်ပေးနိုင်ဖို့နဲ့ မသန်စွမ်းသူတွေရဲ့ လိုအပ်ချက်အခက်အခဲတွေကို ဆွေးနွေးအဖြေရှာခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၅၇ လုံးအပြင် ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်မှုတွေအမြန်ဆုံးပြုလုပ်နိုင်ဖို့ သိုလှောင်ရုံတွေကို ကြိုတင်ပြင်ဆင်ထားတာကိုလည်း ဩဂုတ်လ ၉ ရက်သတင်းတွေအရ သိရှိရပါတယ်။

ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်သူတွေရဲ့ ညိုးနွမ်းနေတဲ့ စိတ်နှလုံးကို နိုင်ငံရေးအရောင်မဆိုးတဲ့ အနုပညာသက်သက်နဲ့ဖန်တီးပြီး အပန်းပြေစေဖို့၊ အသိအမြင်မှန်များရရှိစေဖို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂီတအဖွဲ့အစည်းမှ အနုပညာရှင်တွေနဲ့ ဩဂုတ်လ ၁၃ ရက်က တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့ပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်အနုပညာရှင်တွေနဲ့လည်း ဩဂုတ်လ ဒုတိယအပတ်အတွင်း တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေကနေ တိုင်းပြည်နဲ့လူမျိုးအကျိုးဆောင်ပေးမယ့် အနုပညာရှင်တွေအတွက် အားသစ်တစ်ရပ်ဖြစ်စေခဲ့ပါတယ်။

နိုင်ငံသားတွေရဲ့ လူမှုဘဝပြည့်စုံရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မှတ်ပုံတင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိတဲ့ ပန်းခင်းစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရပါတယ်။ ပြည်သူတွေ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ကြဖို့ မီဒီယာတွေကနေ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပညာပေးဖို့အတွက် ဖော်ဆောင်လျက်ရှိပြီး နယ်စပ်ဒေသများပါမကျန် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ဖို့ ကြိုးပမ်းနေတာကိုလည်း မြင်တွေ့ရပါတယ်။

အောင်ဘာလေသိန်းထီချစ်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးဖို့နဲ့ ထီဆုငွေတွေကို အဆင်ပြေစွာထုတ်ယူနိုင်ဖို့ ထီလက်မှတ်ရောင်းရငွေများရဲ့ ၇၀ ရာခိုင်နှုန်းကို ထီဆုပမာဏအဖြစ် တိုးမြှင့်ခွဲဝေပေးသွားမှာဖြစ်တယ်လို့ ပြည်တွင်းအခွန်များဦးစီးဌာနက ဩဂုတ်လ ၁၈ ရက်က ကြေညာခဲ့ပါတယ်။

ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုတိုးချဲ့နိုင်စေရေးအတွက် တရုတ်နိုင်ငံမှ မှာယူခဲ့တဲ့ တွန်း/ဆွဲရေယာဉ်အသစ်နှစ်စင်း ဩဂုတ်လ ၁၈ ရက်က ရန်ကုန်မြို့သို့ ဆိုက်ကပ်ရောက်ရှိခဲ့ပါတယ်။ အဆိုပါ ဆင်မင်း ၁၊ ဆင်မင်း ၂ ရေယာဉ်တွေကို အသုံးပြုပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်သင်္ဘောကြီးတွေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ ဘေးကင်းလုံခြုံစွာ ဝန်ဆောင်မှုပေးနိုင်တော့မှာဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြဖို့နဲ့ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတွေနဲ့ ပတ်သက်တဲ့ သတင်းတွေ၊ အကြမ်းဖက်မှုဖြစ်စေဖို့ အင်တာနက်၊ လူမှုကွန်ရက်တွေပေါ်မှာ လုပ်ကြံဖန်တီးတဲ့ သတင်းမှားထုတ်လွှင့်နေသူတွေကို ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းတွေထံ သတင်းပေးဖို့ အသိပေးထားချက်ပဲဖြစ်ပါတယ်။ သတင်းပေးသူ၊ ဖမ်းဆီးပေးသူတွေကို အထူးလျှို့ဝှက်ထားပေးမှာဖြစ်ပြီး သတင်းပေးသူရဲ့ လုံခြုံမှုနဲ့ဆက်စပ်သူတွေရဲ့ လုံခြုံမှုတွေကို တာဝန်ယူပေးမှာ ဖြစ်တဲ့အပြင် ထိုက်တန်စွာဆုချီးမြှင့်သွားဖို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ယခုလအတွင်း အသိပေးထုတ်ပြန်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)




## ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများလှူဒါန်း

**ညောင်တုန်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ကုသရေးလုပ်ငန်းများအတွက် ဆေးရုံသုံး ဆေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဆေးရုံသုံးပစ္စည်းများနှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် RDT (Test Kit) အခုရေ ၂၀၀၊တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ ပါးစပ်နှာခေါင်းစည်း အခု ၆၀၀၀၊ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီပေါမြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**သီပေါ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ခုရေ ၁၀၀၀၀၊ Surgical grown ၂၀၀၊ Surgical cap ၂၀၀၊ Handgel ၅၀၊ ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အင်းသားလေး(တောင်ကြီး)






## ဘားအံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ စက်တင်ဘာ ၁၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ဘားအံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှာကာ-ဖားပု-ကျုံဝိုက်-ခဲတောက်-မုက္ကဒိလမ်းပေါ်ရှိ အရှည် ၈၂ ပေ၊ အကျယ် ၁၁ ပေရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားအား ၁၈ ပေအကျယ်သို့ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျင်းပသည့် ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တိရစ္ဆာန်အစာများ၊ ဆေးဝါးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး မုက္ကဒိကျေးရွာ အထက်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**အိပ်မက်တံတားကြည့်ရှု**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိပ်မက်တံတား)၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ချုံးကပ်လမ်းမြေကျုံကျနေခြင်းအား ပြင်ဆင်နိုင်ရေးနှင့် လာမည့်ဘဏ္ဍာနှစ်တွင်သံလွင်မြစ်ကမ်းပြိုကာကွယ်ရေး ပေ ၅၀၀ ကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေးတို့ကို မှာကြားပြီး မုက္ကဒိအောက်ပိုင်း သံလွင်မြစ်ကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေးနှင့် Pipe Culvert များဖြင့် သံလွင်မြစ်အတွင်း ရေဖောက်ထုတ်၍ ကျေးရွာရေစီးရေလာကောင်းမွန်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ ရွှေနတ်တောင်အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင်စက်ရုံဝင်းအတွင်း တည်ဆောက်တပ်ဆင်ထားသော အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မော်လမြိုင် အောက်ဆီဂျင်စက်ရုံတွင် အောက်ဆီဂျင်(အရည်)တန် ၂၀ ဆံ့ အောက်ဆီဂျင်စက် တစ်လုံး၊ Mobile Oxygen generator နှစ်လုံး စုစုပေါင်း သုံးလုံးဖြင့် လည်ပတ်လျက်ရှိကြောင်း၊ ယခုအခါ မော်လမြိုင်အောက်ဆီဂျင်စက်ရုံမှ တစ်နေ့လျှင် လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုး ၆၀၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံအသီးသီးမှထွက်ရှိလာသော အောက်ဆီဂျင်များကို ပြည်နယ်အတွင်း လိုအပ်သည့်နေရာများ၌ ဖြည့်ဆည်းပေးစေလိုကြောင်း၊ စက်ရုံကြီး ရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်စွာဖြစ်တည်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်ပြီး အောက်ဆီဂျင်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ရွှေဖူးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ အောက်ဆီဂျင်အိုးအလုံး ၅၀ လှူဒါန်းပေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင်စက်ရုံဝင်းအတွင်း တည်ဆောက်တပ်ဆင်ထားသော အောက်ဆီဂျင်စက်ရုံကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောက်လုပ်ပြီး အောက်ဆီဂျင်(အရည်) Filling Plant 400 Nm/hr တစ်လုံး၊ Mobile Oxygen Generator 50 Nm/hr တစ်လုံး၊ Mobile Oxygen Generator 20 Nm/hr တစ်လုံး စုစုပေါင်း စက်သုံးလုံးဖြင့် လည်ပတ်လျက်ရှိပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၉၄ သန်းဖြင့် အကုန်ကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



## အိမ်ထောင်စု ၁၀၆၂ စုတို့အတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မင်းဘူး စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မင်းဘူး (စကု) မြို့နယ် စကုမြို့ ဆွမ်းလောင်းအသင်းဓမ္မာရုံတွင် နေ့ဆွမ်းများ လောင်းလှူခဲ့ပြီး စကုမြို့ပေါ်ရှိအခြေခံလူတန်းစား အိမ်ထောင်စု ၁၀၆၂ စုအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စကုမြို့ အမှတ်(၁) ရပ်ကွက်ဆွမ်းလောင်းအသင်းဓမ္မာရုံတွင် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာလေး အပါး ၂၀၀ တို့အား နေ့ဆွမ်းများ လောင်းလှူသည်။

**ထောက်ပံ့လှူဒါန်း**

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စကုမြို့ အမှတ်(၁) ရပ်ကွက် ပဋ္ဌမစာသင်တိုက်ကျောင်းဝင်းနှင့် မြို့လယ်ပုညရှင် ဓမ္မာရုံတို့တွင် အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၆၂ စုတို့အတွက် တစ်အိမ်ထောင်လျှင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်သုံးပြည်၊ ကြက်သွန်တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးနှင့် ခေါက်ဆွဲခြောက်သုံးထုပ်စီအား ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ညီညာ(မကွေး)

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားရာတွင် အကျုံးဝင် ကိုက်ညီရန်လိုအပ်သော သတ်မှတ်ချက်များ အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ Website များတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင်ကိုက်ညီသော လုပ်ငန်းများက လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည် -
  (၁) မွေးမြူရေးလုပ်ငန်းများ။
  (၂) ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းများ။

(ခ) ကိုဗစ်-၁၉ ကြောင့် အမှန်တကယ် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဂ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် လုပ်ငန်းယာယီရပ်စဲထားသော်လည်း ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်မည့် လုပ်ငန်းဖြစ်ရမည်။

(ဃ) ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက် မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင် ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(င) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(စ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်းဖြစ်ရမည်။

(ဆ) ချေးငွေအား လက်ရှိလုပ်ငန်း လည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုသည့် ကုမ္ပဏီ/လုပ်ငန်း ဖြစ်ရမည်။

(ဇ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/ အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ထားခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(ဈ) ဝင်ငွေခွန်/ ကုန်သွယ်ခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ည) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူထားသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့်လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် လုပ်ငန်းများမဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်ကရယူထားပြီးဖြစ်သည့် လုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူထားသည့် လုပ်ငန်းမဖြစ်စေရ။

(ဍ) ချေးငွေလျှောက်ထားသည့် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းသည် မိသားစု တစ်ပိုင်တစ်နိုင်/ ဝမ်းစာအတွက် မဟုတ်ဘဲ စီးပွားဖြစ်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ရမည်။

(ဎ) ပြည်တွင်းတွင် ရောင်းချသူဖြစ်ပါက ပြည်တွင်းရောင်းချနေသော အထောက်အထား/ ပြည်ပသို့ တင်ပို့ရောင်းချသူဖြစ်ပါက ပြည်ပသို့ရောင်းချနေသော အထောက်အထား ပြနိုင်ရမည်။

(ဏ) မိမိလုပ်ငန်း လုပ်ကိုင်နေသည့်မြေသည် မွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ အခြားနည်းအသုံးချခွင့်ရရှိပြီးသူ သို့မဟုတ် ပုံစံ (၇)ရရှိထားပြီး မွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ အခြားနည်းအသုံးချခွင့် လျှောက်ထားနေကြောင်း အထောက်အထား တင်ပြနိုင်သူဖြစ်ရမည်။

(တ) မွေးမြူရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနနှင့် ရေထွက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က အမှန်တကယ် လုပ်ငန်းလုပ်ဆောင်နေကြောင်း ထောက်ခံချက် တင်ပြနိုင်သူဖြစ်ရမည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ

## စားနပ်ရိက္ခာထုတ်လုပ်မှုတိုးတက်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သားသတ်ရုံများနှင့် ပုဂ္ဂလိက ငါးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ဖြတ်ကျော်ကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားထုတ်ကြိုးပမ်းလျက်ရှိသည်။

**ဆွေးနွေးမှာကြား**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးရှိ ပုဂ္ဂလိက သားသတ်ရုံများ၊ စည်ပင်သာယာရေးကော်မတီပိုင် သားသတ်ရုံများနှင့် ပုဂ္ဂလိက ငါးလုပ်ငန်းကုမ္ပဏီများ၏ လုပ်ငန်းခွင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တိရစ္ဆာန်ကုန်သွယ်ခြင်း၊ အသားထုတ်လုပ်ခြင်း၊ ရောင်းချခြင်းစသည့် အသားထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်မှ စားသုံးသူ လက်ဝယ်ရောက်သည်အထိ ကွင်းဆက်တစ်လျှောက်တွင် သတ်မှတ်စံချိန်စံညွှန်းများ၊ စည်းကမ်းချက်များကို အသားကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က တိကျစွာ လိုက်နာကျင့်သုံးရန် လိုအပ်ချက်များနှင့် စားသုံးသူဘေးကင်းလုံခြုံရေး၊ အာဟာရပြည့်ဝဖူလုံရေးဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တမူးမြို့နယ် ရွာသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်မအကြိမ် ထုတ်ချေးပေး

တမူး စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် ပုဏ္ဏားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆင့်မအကြိမ်ထုတ်ချေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ထုတ်ချေးပေး**

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်း ဆင့်မအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း ၄၄ ဦး၊ ကုန်ထုတ်လုပ်ငန်း ၁၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ဦး စုစုပေါင်း အသင်းသား ၈၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၃၇ သိန်းအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုပြည့်

## ညောင်လေးပင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ညောင်လေးပင် စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးခြင်းကို စက်တင်ဘာ ၈ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

**ကွင်းဆင်းဆောင်ရွက်ပေး**

အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြပြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၄၁ အုပ်စု



ရှိသည့်အနက် ပွင့်တန်ဆာ မြို့မ(၁) ရပ်ကွက်နှင့် မြို့မ(၃)ရပ်ကွက်အတွင်းရှိ လူဦးရေ ၄၄ ဦးတို့အတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား တို့အား ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့် အညီ ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူ ၉၃ ရာခိုင်နှုန်း စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေ




**ကုလသမဂ္ဂ စက်တင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူ ၉၃ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေရသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးရန် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂအဖွဲ့က ယနေ့တိုက်တွန်းပြောကြားသည်။

တာလီဘန်အဖွဲ့ အာဏာသိမ်းပိုက်ခဲ့သည့် ဩဂုတ်လလယ်ပိုင်းမှစပြီး အာဖဂန်ပြည်သူများသည် စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေသည်။

ပြည်သူအများအပြားသည် အလုပ်အကိုင်များ ဆုံးရှုံးရသည့်အတွက် ဝင်ငွေရရှိမှုများ ရပ်တန့်သွားလျက်ရှိသည်။ ဘဏ်များသည်လည်း ယခုအထိတိုင် ပိတ်ပင်ထားဆဲဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လူနေမှုဘဝပုံစံများ အလွန်အမင်း ကျပ်တည်းလျက်ရှိပြီး ကုန်ဈေးနှုန်းများအဆမတန် ကြီးမြင့်လာသည့်အတွက် စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေရသည်။

မြို့တော်ကဘူးလ်၌ နိုင်ငံတစ်ဝန်းမှ ပြောင်းရွှေ့လာသူများက ပန်းခြံများနှင့် အခြားသောနေရာများတွင် တဲအိမ်များဆောက်ကာ နေထိုင်လျက်ရှိသည်။ အချို့ပြည်သူများက စေတနာရှင်ပြည်သူများ ပေးကမ်းသော အစားအစာများကို မှီခိုစားသောက်လျက်ရှိသည်။

ကလေးငယ်များမှာ ဆာလောင်လွန်းသည့်အတွက် ပေါင်မုန့်တစ်ချပ်ကိုပင် အလုအယက်စားသောက်နေရကြောင်း အမျိုးသမီးတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်လခွဲခန့်က စစ်ပွဲများကြောင့် ၎င်း၏နေအိမ် ပျက်စီးဆုံးရှုံးသွားသည့်အတွက် မြောက်ပိုင်းခရိုင်မှ ကဘူးလ်မြို့တော်သို့ သူ၏ကလေးငယ်ခုနစ်ယောက်ဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း အဆိုပါအမျိုးသမီးက ဆိုသည်။

**တိုက်တွန်းပြောကြား**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အာရှဒေသနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး အန်သီယာဝက်ဘ်က အောက်တိုဘာလအတွင်း စားနပ်ရိက္ခာများ ပြတ်လပ်သွားမည်ကို စိုးရိမ်သည့်အတွက် ကမ္ဘာ့နိုင်ငံများအား ကူညီထောက်ပံ့ပေးရန် အွန်လိုင်းမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ တိုက်တွန်းပြောကြားသည်။

အာဖဂန်ပြည်သူများအား အသက်ကယ်ကူညီမှုပေးရန် ဆောင်ရွက်မှုသည် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရန် အရေးကြီးကြောင်း အန်သီယာဝက်ဘ်က ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




## ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အိုင်အေအီးအေအကြီးအကဲ အီရန်နိုင်ငံသို့ ရောက်ရှိ

**တီဟီရန် စက်တင်ဘာ ၁၂**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)အကြီးအကဲ ရာဖေးလ်ဂရော့စီသည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်ရန် ယနေ့တွင် အီရန်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း အီရန်နိုင်ငံ၏ အိုင်အာရ်အင်န်အေသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့စီသည် ၎င်း၏ အီရန်နိုင်ငံခရီးစဉ်အတွင်း အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲသစ်ဖြစ်သူ မိုဟာမက်အစ္စလာမီနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် အိုင်အေအီးအေတို့သည် အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများ၌ အိုင်အေအီးအေက တပ်ဆင်ထားသည့် စောင့်ကြပ်ကြည့်ရှုရေးပစ္စည်းများအား အိုင်အေအီးအေအနေဖြင့် ဝင်ရောက်အကဲဖြတ်ခွင့်ပြုရန်အတွက် သဘောတူညီချက်တစ်ရပ်ရရှိထားပြီးဖြစ်ကြောင်း အနောက်နိုင်ငံမီဒီယာများက ယမန်နေ့တွင် ဖော်ပြခဲ့ကြသည်။

ထို့ပြင် အီရန်နိုင်ငံသို့ သွားရောက်သည့် အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့စီ၏ ခရီးစဉ်အတွင်း အိုင်အေအီးအေက စောင့်ကြပ်ကြည့်ရှုရေးကင်မရာများ၏ ဗီဒီယိုများကို ကြည့်ရှုခွင့် မရရှိသေးကြောင်း သတင်းအရင်းအမြစ်တစ်ခုက ပရက်စ်တီဗွီသို့ ပြောကြားကြောင်း သိရသည်။

ထို့ပြင် အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့စီ၏ အီရန်ခရီးစဉ်အတွင်း အိုင်အေအီးအေ၏ စောင့်ကြပ်ကြည့်ရှုရေးပစ္စည်းများကို ပြင်ဆင်ထိန်းသိမ်းမှုများပြုလုပ်ရန်ဖြစ်ပြီး အခြားသော မည်သည့်အစီအစဉ်မျှ ပါဝင်ခြင်းမရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၅၁ ဒသမ ၄၁ သန်းကျော်ရှိ

**အန်ကာရာ စက်တင်ဘာ ၁၂**

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၅၁ ဒသမ ၄၁ သန်းကျော် ရှိပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၄၀ ဒသမ ၁၅ သန်းကျော်ရှိကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၀၁ ဒသမ ၄၅ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အတည်ပြုပေးခဲ့**

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်နေဆဲဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၈၁၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၆၁၆၈၉၉ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၉ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉၆၄၃ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၅၅၄ ဦး ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၁၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၅၅၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး သေဆုံးသူ ၇၈၈ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁၄၀၀၇၀ ရှိလာပြီး သေဆုံးသူပေါင်း ၁၉၂၇၄၉ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၄၉၇ ဦးရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၆၃၈၉၆၅၇ ဦးရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၉၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၈၆၁၇၃ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၉ ဒသမ ၆ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၄၀ ကျော်ရှိ

**ဗန်ကောက် စက်တင်ဘာ ၁၂**

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၄၀ ကျော်ရှိပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ပြီး ၁၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ စီမံကွပ်ကဲရေးစင်တာက ဆိုသည်။

ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးရန် ထိုင်းအစိုးရက ရည်ရွယ်ထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၀၉၂ ဦးထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၈၀ တွေ့ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၈၂၁၇၃ ဦးရှိပြီး သေဆုံးသူပေါင်း ၁၄၃၅၃ ဦးရှိပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မြို့တော် ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၅၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါ အရေအတွက်သည် အခြားသောမြို့များနှင့် ခရိုင်များ၌ တွေ့ရှိမှုထက် ပိုမိုများပြားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၈၄ ဦး ထပ်မံတွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၁၂**

အစ္စရေးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၈၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၁၆၉၂၁၇ ဦး ရှိပြီဖြစ်ကြောင်း အစ္စရေးကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၃၃၈ ဦး ရှိလာသည်။ လက်ရှိတွင် ကျန်းမာရေးဆိုးရွားစွာ ခံစားနေရသူ ၆၉၇ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၁၆၇ ဦး ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၇၇၉၄၉ ဦး ရှိလာသည်။

လက်ရှိ ပိုးတွေ့ဆဲလူနာ ၈၃၉၃၀ ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးသူ ၆ ဒသမ ၀၄ သန်း (နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၃ ရာခိုင်နှုန်း) ရှိပြီး ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးသူ ၅ ဒသမ ၅၄ သန်းရှိကာ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှု ခံယူပြီးသူ ၂ ဒသမ ၈၂ သန်းရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၀၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၁၂**

အာဖရိကတိုက်၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၀၂၄၅၀၂ ဦးရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၂၉၁၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၃၀၂၅၃၅ ဦးရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံ တို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုဒဏ် အများဆုံး ခံရသည့် နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာ၏ ပြောကြားချက်အရ သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၈၅၄၂၃၄ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၀၂၆၉၄ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယအများဆုံး ဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၄၁၁ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၄၁၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၂၇၃၆၇ ဦးရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၆၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါ ကြောင့် သေဆုံးသူပေါင်း ၃၅၁၄၅ ဦး ရှိလာသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၈ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီး ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၆၃၀၃ ဦးတွေ့ရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှု အရေအတွက် စံချိန်တင်အများဆုံးဖြစ်သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

| | |
|---|---|
| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၂၅၂၂၂၁၂ ဦး |
| | သေဆုံးသူ ၄၆၄၀၇၇၃ ဦး |
| | ပြန်လည်ကျန်းမာလာသူ ၂၀၁၇၉၀၆၄၁ ဦး |

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၁၆ သန်းကျော်ရှိလာ

**ဂျကာတာ စက်တင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၇၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၁၆၇၅၁၁ ဦးရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူစုစုပေါင်း ၁၃၈၈၈၉ ဦးရှိလာကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၉၄၀၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၉၁၈၇၅၃ ဦးရှိလာကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၇၂ ဒသမ ၇၆ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၁ ဒသမ ၇၃ သန်းရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အလင်းသစ်

# ပြည်တွင်းရေးရာ

■ **ကျောဖုံးမှ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယင်းနှစ်တွင် မကျင်းပနိုင်သဖြင့် ၂၀၂၁ ခုနှစ်တွင် ပြောင်းလဲကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေသဖြင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်ပြီး ပုံမှန်ကျင်းပရမည့် ၂၀၂၂ ခုနှစ်မှသာ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၂ အာဆီယံ တက္ကသိုလ် အားကစားပြိုင်ပွဲ အတွက် အားကစားနည်းများ ပြန်လည်အတည်ပြုမည်ဖြစ်သော်လည်း ၂၀၂၀ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် စီစဉ်ထားသည့် အားကစားနည်း အများစုသာ ပါဝင်လာဖွယ် ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြိုင်ပွဲတွင် အားကစားနည်း အနည်းငယ်သာ ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲအပြောင်းအလဲကြောင့် ယှဉ်ပြိုင်မည့် အားကစားနည်းအချို့လည်း အပြောင်းအလဲရှိလာနိုင်သည်။

**အိမ်ရှင်အဖြစ် လက်ခံကျင်းပ**

အာဆီယံ တက္ကသိုလ် အားကစားပြိုင်ပွဲ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၂၉ ခု ဆွတ်ခူးရရှိခဲ့သည်။

**သတင်း-ကိုညီလေး**

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး ⁄ ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၉-၂၀၂၁ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆:၃၀** တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ ထေရုပ္ပတ္တိမှတ်တမ်း
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပုခန်းကြီးမြို့ဟောင်း(သို့မဟုတ်) ဒုတိယပုဂံ
**၀၉:၁၀** နဝင်္ဂဥပေါသထသီလ
**၀၉:၃၀** မွေးမြူရေးရာအပြာပြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သမိုင်းဘာသာရပ်'**
**၁၇:၀၅** This Week's Special Interest
**၁၇:၂၀** ကျန်းမာရေးမဂ္ဂဇင်း **'ပတ်ကောနှင့်ကျန်းမာရေး'**
**၁၇:၃၅** နဝမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဝက်ဘ်ပြအစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ထူးခြားအံ့ဖွယ်သဘာဝလိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဖားစည်မြေမှာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၆၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ရောင်စုံတေးဥယျာဉ်

**mitv**

**07:01** News
**07:27** Awesome Myanma Sculptures
**07:41** Swan Hein Cave
**08:01** Myanmar Masterclass: Fantastic Art
**08:07** International Dances in Myanmar
**08:26** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
**08:40** Star Bean Production
**09:01** Ecotourism: The Tourist Attractions of Mingun, Sagaing
**09:25** Applied Myanmar Traditional Martial Art (Part-2)
**10:01** Talent Show on a maze of xylophones
**10:06** Healthy Diet: Keto Diet
**10:25** Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
**11:01** Applied Myanmar Traditional Martial Art (Part-1)
**11:27** Ancient Shwe-San-Taw Pagoda

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ခဲသမားတို့ရဲ့ဘဝ
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသစားစရာ ဒိုးငါးပိကြော်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ (အပိုင်း-၁)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အစွမ်းထက်တဲ့ရေတ်ကောင်းအကြောင်း သိကောင်းစရာ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၄)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မိုင်းပုန်းဆရာတော်၏တရားတော် (အပိုင်း-၄)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ပူတာအိုသို့ခရီးသွားခြင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

❐ **ရွှေပိတောက်ငါးဈေးမှ**

စံပြငါးဈေးထက် ရေထွက်ကုန်ဝင်ရောက်မှုများသော ရွှေပိတောက်ငါးဈေးတွင် နေ့စဉ် ရေချို၊ ရေငန် ကုန်တန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းအထိ ဝင်ရောက်လျက်ရှိပြီး ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးမုန့်၊ ငါးသလောက် ၊ပုစွန်မျိုးစုံ၊ ပြည်ကြီးငါး၊ ငါးခူ၊ ငါးရံ့အပါအဝင် ရေထွက်ကုန်ပစ္စည်းမျိုးစုံ တို့ကို ဘင်္ဂလားဒေ့ရှ်၊ မူဆယ်၊ မြဝတီ၊ နေပြည်တော်၊ မန္တလေး၊ နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသများသို့ တင်ပို့လျက်ရှိသည်။

**ရွှေ့လျားယာဉ်ဖြင့် ရောင်းချပေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၃၆ မြို့နယ်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ငါးဈေးကြီးနှစ်ခုတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဩဂုတ် ၁ ရက်မှစ၍ ရေထွက်ကုန်များကို ရွှေ့လျားယာဉ်ဖြင့် ရပ်ကွက်နေပြည်သူများ ဈေးနှုန်းမှန်ကန်စွာဖြင့် လတ်ဆတ်စွာစားသုံးနိုင်ရန် ယနေ့တိုင် ရောင်းချပေးလျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်ဖြစ်၍ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိပြီး အများဆုံး ငွေကျပ် ၂၀၀ကျော်အထိ ဈေးမြင့်တက်၍ ယခုအခါ ရေထွက်ကုန်ပစ္စည်းဈေးနှုန်း တည်ငြိမ်ကာ စားသုံးသူများ အဆင်ပြေလျက်ရှိသည်။

ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ်၂၅၀၀၊ ငါးကြင်း ငွေကျပ် ၅၀၀၀၊ ငါးတန် ငွေကျပ်၂၅၀၀၊ ငါးမုန့် ငွေကျပ်၁၆၀၀၊ ငါးသလောက် ငွေကျပ် ၃၀၀၀၀ ကျော်၊ ကကတစ် ငွေကျပ်၇၅၀၀၊ ပုစွန် ငွေကျပ် ၁၆၀၀၀၊ ပုစွန်ကြား ငွေကျပ် ၂၂၀၀၀၊ ပုစွန်ဘော့ဂျိတ် ငွေကျပ် ၇၅၀၀ ဖြင့် ဈေးကွက်ဝယ်လိုအားကောင်းသော ရေထွက်ကုန်များ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

"အခုလိုကာလမှာ ငါးဈေးကြီး စည်စည်ကားကားတွေ့ရတာ အားရစရာပါ။ တစ်ချိန်က ခြောက်ကပ်နေတဲ့ ငါးဈေးကြီးက ဈေးအင်္ဂါရပ်နဲ့အညီ တိုးတက်ပြည့်စုံလာပြီးတော့ ယနေ့မှာ အောင်မြင်သွားပြီလို့ ပြောလို့ရပါတယ်။ ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေ၊ ဈေးသူဈေးသားတွေ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး ငါးဈေးကြီး စည်ကားလာတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

၈ ဒသမ ၁၇၈ ဧကအကျယ်ရှိသော ရွှေပိတောက်ငါးဈေးကြီးကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ပထမလှိုင်းတွင် စံပြငါးဈေးအပြင်ဘက်နှင့် ကားလမ်းအနီး၌ ရောင်းချမှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အကျယ် (၁၁ - ၁၈) ပေရှိသော ဆိုင်ခန်းပေါင်း ၄၄၀ ရှိသည့် ရွှေပိတောက်ငါးဈေးကြီးအတွင်း အရောင်း၊ အဝယ် ပြန်လည်စည်ကားခဲ့သည်။ ထိုငါးဈေးကြီးတွင် ခြောက်ပေပတ်လည် ပုံကျဆိုင်ခန်းပေါင်း ၁၇၀ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ လက်လီ၊ လက်ကားရောင်းဝယ်မှုဖြင့် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်စီးဆင်းမှု ပိုမိုသွက်လက်ခဲ့သည်။

နိုင်ငံတော်က ငါးဈေးကြီးအတွင်းရှိ ဈေးသူဈေးသားများကို ဩဂုတ်လ ပထမပတ်က ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးကို ဆောင်ရွက်ခဲ့သည်။ ရွှေပိတောက်ငါးဈေးကြီးတွင် အလုပ်သမား ၃၅၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိပြီး မြို့နယ်များတွင် ပြန်လည်ရောင်းချမည့် ကုန်ကြိုသူ ၈၀၀၀ ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ကြည့်မြင်တိုင် စံပြငါးဈေးကြီး၌ ရေထွက်ကုန်များ နေ့စဉ်ဖြန့်ဖြူးလျက်ရှိသည့်နည်းတူ ရွှေပိတောက်ငါးဈေးကြီးတွင်လည်း ရေချို၊ ရေငန် ရေထွက်ကုန်မျိုးစုံ နိုင်ငံတစ်ဝန်းသို့ နေ့စဉ်ပုံမှန်စီးဆင်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့် ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E) လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/၈-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦး သေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများ ကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်း တိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့


## ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် ချောင်းဆုံမြို့ရှိ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှု၍ **(အောက်ပုံ)** တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုန်း

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




# စာပေအနုပညာကောင်းကင်တွင် အစဉ်တောက်ပနေမည့်ကြယ်တစ်ပွင့် သို့မဟုတ် ဆရာကြီးမင်းယုဝေ


ကြည်ကြည်ဝင်း(စာပေဗိမာန်)

(ယမန်နေ့မှအဆက်)

**ရေခပ်ချိန်ကဗျာများ**

၁၉၇၂ ခုနှစ် အမျိုးသားစာပေ (ကဗျာ)ဆု ရရှိခဲ့သည့် ရေခပ်ချိန်ကဗျာများမှာ အမျိုးသားရေး၊ စစ်ဆန့်ကျင်ရေး၊ စိုက်ပျိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် သဘာဝအလှဆိုင်ရာကဗျာ ၆၂ ပုဒ်ကို စုစည်းထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ ဆရာတက္ကသိုလ်ဝင်းမွန်က ကဗျာဆရာ၏ရည်ရွယ်ချက်၊ ကဗျာဆရာ၏သဘောထား၊ ကဗျာဆရာ၏စေတနာ၊ ကဗျာဆရာ၏လောကအမြင် စသည်တို့ကို ကဗျာဖတ်သူ၏အတွေ့အကြုံ၊ ကဗျာဖတ်သူ၏ဗဟုသုတ၊ ကဗျာဖတ်သူ၏ခံယူချက်၊ ကဗျာဖတ်သူ၏ လောကအမြင်တို့ဖြင့် ခြေရာကောက်သည့်အခါ ပျော်စရာကောင်းပုံ၊ ရှုမြင်ခံစားရာ၌ လွမ်းမိုးချယ်လှယ်တတ်ပုံ၊ အတွေးအမြင်ချင်းကွဲလွဲတတ်ပုံ စသည်ဖြင့်ဝေဖန်သုံးသပ်ထားသည့် ကဗျာဖတ်သူ၏အမြင် ပါဝင်သည်။ ယင်းစာအုပ်တွင်ပါဝင်သော ဆရာမင်းယုဝေ၏လက်ရာ ကဗျာတစ်ပုဒ်ကို တင်ပြချင်ပါသည်။ "လယ်သမား" ဟု အမည်ပေးထားသောကဗျာဖြစ်ပါသည်။




**"လယ်သမား"**


နိုင်ငံတော်ကို
ကျူးကျော်သူများ၊ ရန်ထိပါးစဉ်
ခေါးလှံကိုင်သူ၊ ခုခံသူတွင်
သူလျှင် ရှေ့ကပါခဲ့၏။
နိုင်ငံယိုင်နဲ့၊ စစ်ရှုံးခဲ့၍
နယ်ချဲ့လက်အောက်၊ လျှောကျရောက်စဉ်
လွတ်မြောက်နိုင်ရေး၊ အသက်ပေးသည့်
ရဲသွေးဆူဆူ၊ ရုန်းကန်သူတွင်
သူလျှင်ရှေ့ကပါခဲ့၏။
နိုင်ငံပျက်ကျိုး၊ ဖက်ဆစ်စိုး၍
ဘေးဆိုးဒုက္ခ၊ လောင်မီးကျလျက်
သောကဗျာပွေ၊ ပင်လယ်ဝေစဉ်
သေနတ်ကိုင်သူ၊ တော်လှန်သူတွင်
သူလျှင်ရှေ့ကပါခဲ့၏။
နိုင်ငံငြိမ်းချမ်း၊ ရန်မီးကျွမ်းသော်
စိမ်းလန်းဝေလွင်၊ သူ့လယ်ပြင်တွင်
သူလျှင်ကြိုးစား၊ သူ့လုပ်အားဖြင့်
စပါးရွှေဝါ၊ စိုက်ပျိုးပါ၍
ပြည်ရွာအေးမှု၊ သူဆောင်ပြုသည်
တိုင်းပြုပြည်ပြုပါတကား။

ဤကဗျာကို ဆရာကြီးမင်းယုဝေသည် နိုင်ငံ့အရေးကိစ္စများတွင် လယ်သမားတို့က မျက်နှာမလွှဲနိုင်ဘဲ အသက်ဘေးနှင့်ရင်ဆိုင်ရသည်ဖြစ်စေ ပါဝင်ကူညီဆောင်ရွက်ပုံကို ရေးဖွဲ့ထားသည်။ ဆရာကြီး၏ အမြင်စူးရှပုံ၊ ကဗျာရေးဖွဲ့ခြင်းအတတ်ပညာဖြင့် လယ်သမားတို့၏ စိတ်ကောင်းစေတနာကို ဖော်ထုတ်၍ ဂုဏ်ပြုထားကြောင်း တွေ့ရှိရသဖြင့် ဆရာကြီး၏အနုပညာကို ခံစားရေးဖွဲ့ပုံမှာ အတုယူဖွယ်ရာဖြစ်ပါသည်။

မြန်မာပြည်သား (၁၉၈၃) စာအုပ်မှာ ရုပ်ပြစာအုပ်ဖြစ်ကာ ပန်းချီဆရာကြီးမောင်စိန်က သရုပ်ဖော်ရေးဆွဲပေးထားသည်။ မူလက ငွေတာရီမဂ္ဂဇင်းတွင် လစဉ်ဖော်ပြခဲ့သောရုပ်ပြများကို စာအုပ်အဖြစ်စုစည်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဇာတ်လမ်းများမှာ ပုဂံခေတ်၊ ပင်းယခေတ်၊ ဟံသာဝတီခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်များတွင်ပေါ်ထွန်းခဲ့သော ကျန်စစ်သား၊ ရာဇကုမာရ်၊ အလောင်းစည်သူ၊ အနန္တသူရိယ၊ ခင်ညို၊ တေက်ပြား၊ အဲမွန်ဒရာ၊ ဘုရင့်နောင်၊ ငထင်ငယ်၊ ပေါက်လှ၊ မင်းညီတုံး၊ ဗညားကျန်းတော၊ နောင်တော်ကြီး စသည့်သမိုင်းဝင်ပုဂ္ဂိုလ်ထူးများနှင့် သူရဲကောင်းများအကြောင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်၊ ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ်၊ ဇာတိမာန်တက်ဖွယ်၊ အတုယူဖွယ်ဇာတ်လမ်းများဖြစ်ကြောင်း သိရသည်။

၁၉၈၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး အကြိမ်ကြိမ်ရိုက်နှိပ်ရသည့်စာအုပ်မှာ မြတ်မင်္ဂလာဗုဒ္ဓဝင်ရုပ်စုံစာအုပ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးအားလုံးတို့အတွက် ဗုဒ္ဓဘုရားရှင်၏ဖြစ်တော်စဉ်များနှင့်ပတ်သက်၍ စုံလင်စွာတင်ပြထားသည်။ ခိုင်လုံမှုရှိအောင်လည်း ကျမ်းပေါင်း ၃၀ ကျော်ကို အကိုးအကားပြုထားသည်။ လူတိုင်းလွယ်လင့်တကူဖတ်ရှုနိုင်အောင် ရှင်းလင်းပြတ်သားသော စကားပြေဖြင့်ရေးသားထားကာ ပန်းချီဆရာကြီးဦးစိန်၏ သရုပ်ဖော်ပုံများဖြင့် ဖော်ပြထားသည်။

သူတို့ရွာ သူတို့တံတားဝတ္ထုကဗျာ (၁၉၈၉) စာအုပ်မှာ ယင်းမာရွာသူရွာသားများ၏ ရွာအကျိုးဆောင်ရွက်မှုများ၊ အချင်းချင်းရိုင်းပင်းလိုမှုများ၊ ဖောက်ပြန်သောရွာသူရွာသားများကို သည်းခံ၍ ပြဿနာပြေလည်အောင် အေးချမ်းစွာဖြေရှင်းဆောင်ရွက်မှုများ စသည်တို့ကိုရေးဖွဲ့ထားသည့် ဝတ္ထုကဗျာစာအုပ်ဖြစ်သည်။ ဆရာကြီးဇော်ဂျီက ဝေဖန်ချက်ဆောင်းပါးရေးသားပေးခဲ့ရာ 'ထိုကဗျာသည် သူတို့ရွာ သူတို့တံတားကို အကြောင်းပြုလျက် မြန်မာ့ကျေးရွာနှင့် ပတ်ဝန်းကျင်အလှ၊ မြန်မာ့ရေမြေသစ်ပင်ပန်းမန်စသော သဘာဝအလှ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ဘာသာအလှ၊ မြန်မာ့လူ့ဘောင်တွင် ရှိတတ်သောဝိုင်းဝန်းတည်ဆောက်လိုသည့် စိတ်ဓာတ်အလှ၊ ပေးကမ်းကူညီလိုကြသည့် စေတနာအလှ၊ ထောက်ထားစာနာတတ်သော သဘောထားအလှ စသည်တို့ကို သတိမူနှလုံးသွင်း၍ အားကျတတ်ကြအောင် နှိုးဆော်နိုင်စွမ်းရှိသော ဘဝအလွမ်းမြင်ကဗျာကောင်းဖြစ်သည်ဟု မှတ်ချက်ချချင်ပါသတည်းဟု ချီးကျူးထားကြောင်း သိရပါသည်။




ဆရာကြီးသည် ၃၈ ဖြာမင်္ဂလာပုံပြင်များစာအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ၃၈ ဖြာမင်္ဂလာတရားတော်ကို လူအများ၊ အထူးသဖြင့် လူငယ်များစိတ်ဝင်စားစွာ လွယ်လင့်တကူဖတ်ရှုမှတ်သားနိုင်ရန် သရုပ်ပြမင်္ဂလာပုံပြင်များကို အချိန်ယူရေးသားခဲ့ပါသည်။ ယင်းတို့ကို မင်္ဂလာမောင်မယ်စာစောင်တွင် သုံးနှစ်ကျော်ကြာအောင် လစဉ်ဖော်ပြပြီးဖြစ်သော်လည်း စာရှုသူအများ၏ မေတ္တာရပ်ခံချက်အရ တစုတပေါင်းတည်း ဖတ်ရှုနိုင်ရန် စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်။ ဆရာကြီးသည် ယင်းပုံပြင်များကို ရေးသားရာ၌ ဇာတ်လမ်းများကို ဦးဖိုးကျား၊ ပထမကျော်-ဦးကြီးဖေ၊ ညောင်လေးပင်တောရဆရာတော်ကြီး၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဝါသေဋ္ဌာ ဘိဝံသ၊ ညောင်ကန်ဆရာတော်ကြီး၊ တိပိဋကဆရာတော်ကြီး အရှင်ဝိစိတ္တသာရာ ဘိဝံသ၊ ရှင်စန္ဒလင်္ကာ၊ ဝိဇိတာရုံ ဆရာတော်ကြီး၊ ကျီးသဲလေးထပ်ဆရာတော်ကြီးတို့ ရေးသားခဲ့သော ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ၊ ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေ၊ ဓမ္မပဒဝတ္ထုတော်ကြီး၊ မင်္ဂလာသာရ ဒီပနီကျမ်းမူဟောင်း၊ ပရိတ်ကြီးနိသျသစ်၊ မင်္ဂလတ္ထဒီပနီကျမ်း၊ မဟာဗုဒ္ဓဝင်၊ မဏိရတနာပုံကျမ်း၊ ဝိမာနဝတ္ထုတော်ကြီး၊ ဓမ္မဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်းများမှ ဆီလျော်ရာများကို ထုတ်နုတ်၍ ဆရာကြီး၏စကားပြေဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါစာအုပ်သည် အထူးအောင်မြင်ခဲ့ပြီး မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသနေရဆဲဖြစ်ပါသည်။

၁၉၉၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော ဒါနသူဌေးဦးသိုက်အတ္ထုပ္ပတ္တိစာအုပ်မှာ မြတ်မင်္ဂလာစာစောင်တွင် ၁၃ လကြာမျှ အခန်းဆက်ရေးသားခဲ့သောဆောင်းပါးများကို စုစည်းထုတ်ဝေထားသည့်စာအုပ်ဖြစ်သည်။ ဒါနသူဌေးဦးသိုက်သည် ဘုရား၊ တရား၊ သံဃာတော်တို့ကိုသာမက လူသားအချင်းချင်း စာနာထောက်ထား၍ ဆင်းရဲနွမ်းပါးသူများ၊ ချို့တဲ့သူများ၊ အတိဒုက္ခရောက်သူများကို အလေးထားဒါနပြုသူ၊ လေးစားကြည်ညိုဖွယ်၊ မြန်မာတို့ဂုဏ်ယူဖွယ် မြန်မာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း တွေ့ဆုံမေးမြန်းရေးသားထားသည့် စာအုပ်ဖြစ်ကြောင်း သိရသည်။

ဇာတ်ကြီးဆယ်ဖွဲ့ အနှစ်ချုပ် (၁၉၉၃) သည် မင်္ဂလာမောင်မယ်စာစောင်တွင် လစဉ်ရေးသားခဲ့သော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟော်သဓာ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဒူရနှင့် ဝေဿန္တရာဇာတ်ကြီးဆယ်ဖွဲ့အနှစ်ချုပ်ကို စုစည်းထုတ်ဝေထားသည့်စာအုပ်ဖြစ်ကြောင်း သိရသည်။

တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဟူ၍ အက္ခရာသင်္ကေတဖြင့် မှတ်သားကြသည့် ဇာတ်ကြီးဆယ်ဘွဲ့သည် မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုတွင် အရေးပါသောအခန်းက ပါဝင်ကာ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အသိအလိမ္မာတိုးပွားရေး၊ ဉာဏ်ပညာရင့်သန်ရေး၊ အတွေးအခေါ် မှန်ကန်ရေးတို့ကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးရ၍ ကောင်းမှုပြုလျှင် ကောင်းကျိုးရသည်ဟူသော ကံ ကံ၏အကျိုးတရားကိုလည်း နားလည်သဘောပေါက်စေသည်သာမက ဂေါတမမြတ်စွာဘုရားအလောင်းသည် သံသရာတစ်ဖက်ကမ်းသို့ ကူးမြောက်ကြောင်း အကျင့်တည်းဟူသော ပါရမီဆယ်ပါးကို မည်သို့မည်ပုံကျင့်ကြံအားထုတ်ခဲ့ရသည်တို့ကိုလည်း သိနားလည်နိုင်ပေသည်။

**အမျိုးသားစာဆို ဆရာဇော်ဂျီနှင့် ဆရာမင်းယုဝေ**

ဆရာကြီးမင်းယုဝေသည် အမျိုးသားစာဆို ဆရာဇော်ဂျီ သက်ရှိထင်ရှားရှိစဉ်ကပင် ဆရာဇော်ဂျီ၏ကဗျာများကို ဖွင့်ဆိုသည့် ကဗျာမိတ်ဖွဲ့ဆောင်းပါးများရေးသားခဲ့သည်။ ဆရာဇော်ဂျီသည် ၁၉၉၀ ပြည့်နှစ် အသက် ၈၄ နှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီးမင်းယုဝေသည် ဆရာဇော်ဂျီကွယ်လွန်ပြီး သုံးလအကြာတွင် ဆောင်းပါးသစ်များ ထပ်မံရေးသားခဲ့ပြီး ဆရာဇော်ဂျီကွယ်လွန်သည့်နှစ် ၂၀ ပြည့်ကာလတွင် စာအုပ်အဖြစ် စုစည်းထုတ်ဝေခဲ့သည်။

စာမျက်နှာ ၁၇ သို့ ✻

**သူတို့ရွာ သူတို့တံတားဝတ္ထုကဗျာ (၁၉၈၉) စာအုပ်မှာ ယင်းမာရွာသူရွာသားများ၏ ရွာအကျိုးဆောင်ရွက်မှုများ၊ အချင်းချင်းရိုင်းပင်းလိုမှုများ၊ ဖောက်ပြန်သောရွာသူရွာသားများကို သည်းခံ၍ ပြဿနာပြေလည်အောင် အေးချမ်းစွာဖြေရှင်းဆောင်ရွက်မှုများ စသည်တို့ကိုရေးဖွဲ့ထားသည့် ဝတ္ထုကဗျာစာအုပ်ဖြစ်**

❋ စာမျက်နှာ ၁၆ မှ

ဆရာမင်းယုဝေသည် ဆရာဇော်ဂျီ ပျို့ရွယ်စဉ် ကိုလိုနီခေတ်က ရေးသားခဲ့သော 'ခေတ်စမ်း' စာရင်းဝင်ကဗျာများအကြောင်းဖြင့် အစချီ၍ လွတ်လပ်ရေးရပြီးနောက် ရေးဖွဲ့သော ဗေဒါလမ်း ကဗျာများ၊ ညီသစ်ဆင်းကဗျာများကို ဆက်လက် ဖော်ညွှန်းကာ နောက်ဆုံးအပိုင်းတွင် ဆရာဇော်ဂျီ အသက်ရှစ်ဆယ်ဝန်းကျင်၌ ရေးဖွဲ့သော ရေးခေတ် ပုဂံကဗျာများအကြောင်း အသေးစိတ်ပုံဖော် မိတ်ဖွဲ့ပြထားပါသည်။ ဆရာကြီး မင်းယုဝေသည် ကဗျာပေါင်းများစွာကို ရေးဖွဲ့ပုံဖော်ခဲ့သော ကဗျာ ဆရာကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ ဆရာ ဇော်ဂျီ၏ကဗျာများကို မိတ်ဖွဲ့သောအခါ ကဗျာ ဆရာ၏ အတွေးအမြင်ဖြင့်သာမက ကဗျာဆရာ၏ နှလုံးသားဖြင့်ပါ မိတ်ဖွဲ့ထားကြောင်းကို ဆရာ ဇော်ဂျီအသက် ၂၈ နှစ်အရွယ်တွင် ဖွဲ့ဆိုသော "မျှော်လင့်ချက်" ကဗျာကို မိတ်ဖွဲ့ထားပုံကို ဖတ်ရှု ကြည့်ပါက သိနိုင်ပါသည်။ ဤကဗျာ၌ ဘဝတွင် လွမ်းဆွေးမနေလို၊ ငိုကြွေးမနေလို၊ တမ်းတမနေလို၊ လောကဓံကိုကြံ့ကြံ့ခံလျက် အနိုင်မခံ၊ အရှုံးမပေး၊ အားသစ်၊ အားမာန်အပြည့်ဖြင့် ဆောင်ရွက်ခြင်း၊ မျှော်လင့်ချက်ထားခြင်းကို အဓိကထားခြင်း ဖြစ်သည်။

**"မျှော်လင့်ချက်"**

နောက်တစ်လွှားသို့
ဝင်သွားလေပြီ၊ နေနီနီအား
ဇော်ဂျီမျှော်တ၊ ဝမ်းနည်းရလည်း
အလှတစ်ဖန်၊ မနက်ဖြန်ဝယ်
ရောင်လျှံရွှေခဲ၊ ညီလာပွဲနှင့်
သူပဲ ပေါ်လာဦးမည်တကား။

မှန်ပေသည်။ မိုးချုပ်ချိန်တွင် နေဝင်သွားသော်လည်း နောက်တစ်နေ့ နံနက်လင်းသောအခါ နေမင်းကြီးထပ်မံပေါ်လာပါဦးမည်။ အလှသစ် တစ်ဖန်ပေါ်ထွန်းလာပါဦးမည်။ သို့သော်.....

သို့သော်... အမျိုးသားစာဆို ဆရာဇော်ဂျီ ကွယ်လွန်သွားရာတွင် သူ့နေရာအစားထိုးနိုင်မည့် သူလိုစာဆိုမျိုးကား ပေါ်နိုင်ပါဦးမည်လောဟူ၍ ဆရာကြီးမင်းယုဝေက မိတ်ဆက်ပေးထားသည့် အတွက် ထိုကဗျာများ၏ သိမ်မွေ့သောအလှနှင့် လေးနက်သောတန်ဖိုးကို စာရှုသူများအား ပို၍ ခံစားသိမြင်လာစေပါသည်။


**ဆရာမင်းယုဝေနှင့် အတ္ထုပ္ပတ္တိစာအုပ်များ**

၂၀၁၁ ခုနှစ်တွင် ဆရာကြီးမင်းယုဝေ၏ နိုင်ငံခြားဗုဒ္ဓသာသနာပြုများ၏ အတ္ထုပ္ပတ္တိ အကြောင်းရေးသားထားသည့် အတ္ထုပ္ပတ္တိထူး စာအုပ်သည် တတိယအကြိမ်အဖြစ် ထွက်ရှိခဲ့ပါ သည်။ ယင်းစာအုပ်တွင် နိုင်ငံခြားသား ဗုဒ္ဓသာသနာ ပြုပုဂ္ဂိုလ် အင်္ဂလိပ်ဘုန်းတော်ကြီး အရှင်အာနန္ဒာ မေတ္တေယျ၊ ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိ လောက၊ အီတာလျံဘုန်းတော်ကြီး ဦးလောကနာ ထ၊ နီပေါလ်သီလရှင်ဒေါ်သုဓမ္မဝတီ၊ အမေရိကန် စစ်ဗိုလ်မှူးကြီး အော်လကော့တို့အကြောင်းများကို ရေးသားထားပါသည်။ ထိုပုဂ္ဂိုလ်တို့သည် လောကီ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်လျက် ဗုဒ္ဓဘာသာဝင် အဖြစ်သို့ကူးပြောင်းကာ ဗုဒ္ဓသာသနာပြန့်ပွားရေး အတွက် အံ့ချီးဖွယ် စွန့်စားဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏အကြောင်း ကြားနာရ သည်မှာ စိတ်ဝင်စားဖွယ်၊ ကြည်ညိုဖွယ်၊ မြတ်နိုး ဖွယ်၊ အားတက်ဖွယ်၊ အတုယူဖွယ်၊ သာဓုခေါ်ဖွယ် ဖြစ်သည့်အတွက် ဆရာကြီးသည် လက်လှမ်းမီသမျှ ရှာဖွေရေးသားတင်ပြခဲ့ပါသည်။ ယင်းစာအုပ်သည် စာဖတ်သူများအတွက် ဗုဒ္ဓတရားတော်ကို နှစ်လို ကြည်ညိုစိတ်များ ပိုမိုပေါ်ပေါက်စေသည်သာမက အဆိုပါပုဂ္ဂိုလ်များကို အားကျမြတ်နိုးစိတ်များလည်း ဖြစ်ထွန်းလာစေပါသည်။

တစ်ဖန် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ခုနစ်နှစ်ကြာမျှ မင်္ဂလာမောင်မယ်စာစောင်တွင် လစဉ်ရေးသားခဲ့သည့် ညီတော်အာနန္ဒာနှင့် ဇေတဂ်ရ ပုဂ္ဂိုလ်ထူးအကြောင်းများကို စုပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စာအုပ်အဖြစ်ထုတ်ဝေခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် ထုတ်ဝေထားသည့် ဗိုလ်ချုပ် အောင်ဆန်းနှင့် မြန်မာပုဂ္ဂိုလ်ကျော်(၂၀) စာအုပ်မှာ ဆရာကြီးမင်းယုဝေ၏ စာနယ်ဇင်းများတွင် ရေးသား ခဲ့သော ပြည်ထောင်စုအကျိုး၊ နိုင်ငံ့အကျိုး၊ လူသား အကျိုးဆောင်ရွက်သော ပုဂ္ဂိုလ်များအကြောင်း တစေ့တစောင်း လေ့လာတင်ပြထားသော အတ္ထုပ္ပတ္တိ ဆောင်းပါးများကို စုစည်းထုတ်ဝေထားသည့် စာအုပ် ဖြစ်သည်။ ယင်းစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၊ မွန် သူဌေးကြီး ဦးနာအောက်၊ ရသေ့ကြီး ဦးခန္တီ၊ ဆရာစံ၊ မဟာဂီတဦးပြုံးချို၊ ဦးဥတ္တမ၊ ဗိသုကာ ဆရာဆိုင်၊ စစ်ကိုင်းဦးဘိုးသင်း၊ အဘိဓာန်ဆရာကြီးဦးဟုတ်စိန်၊ ဦးထွန်းရှိန်၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပဲရော့ ဦးဆန်နီ၊ ဇေယျ၊ ပန်းချီဦးငွေကိုင်၊ ဒဂုန်ခင်ခင်လေး၊ ပန်းချီဦးအုန်းလွင်၊ ဦးသိန်းဖေမြင့်၊ ဒေါ်ခင်မျိုးချစ်၊ ဦးတင်အေး(ရှမ်းပြည်)၊ ကရုဏာရှင် ဒေါ်ခင်အုန်းမြ စသည့်ပုဂ္ဂိုလ်များ ပါဝင်ကြောင်း သိရသည်။


မြန်မာ့သမိုင်းတွင် ဘုရင်မဟုတ်၍ မွန်ဘုရင်မ




တစ်ပါးတည်းသာ ထူးခြားစွာပေါ်ထွန်းခဲ့ရာ မွန်ဘုရင်မ အကြောင်းရေးသားထားသည့် ရှင်စောပုပုံပြသမိုင်း ၂၀၁၁ စာအုပ်တွင် ဘုရင်မကြီးအား နိုင်ငံကို ငြိမ်းချမ်းသာယာအောင် အုပ်ချုပ်နိုင်သူ၊ ထီးနန်း စည်းစိမ်ကို မက်မောခြင်းမရှိ၊ ခြောက်နှစ်သာ စိုးစံပြီး တရားဘာဝနာအလုပ်ကိုသာ ဦးစားပေးဆောင်ရွက် သူ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး အနောက်တောင် ဘက်၌ မြို့နန်းတည်၍ ဆောက်လုပ်ထားသော စံအိမ် တော်၌ အသက်ထက်ဆုံးနေထိုင်သွားသူ၊ ရွှေတိဂုံ စေတီတော်ကြီးကို အလွန်ကြည်ညိုမြတ်နိုးကာ စေတီတော်ကြီး၏ဉာဏ်တော်ကို အမြင့် ၃၀၂ ပေ အထိ တိုးချဲ့ပူဇော်ခဲ့ပုံစသည်ဖြင့် ဘုရင်မကြီး၏ ကြည်ညိုမြတ်နိုးဖွယ်ဂုဏ်ပုဒ်များကို ရေးသားတင်ပြ ထားကြောင်းသိရသည်။

အနော်ရထာနှင့် တို့ဘိုးဘွားများ (၂၀၁၇) စာအုပ်သည် မြန်မာ့သမိုင်းတွင် ပုဂံခေတ်၊ တောင်ငူ ခေတ်၊ ကုန်းဘောင်ခေတ် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသော သူရဲကောင်းတို့၏ လက်ရုံးရည်၊ နှလုံးရည်၊ စိတ်ဓာတ်အားမာန်နှင့် စေတနာတို့ကို ရေးခြယ်ထားသော ဘဝအတ္ထုပ္ပတ္တိဆောင်းပါးစာစု များဖြစ်၍ ပုဂ္ဂိုလ်ကျော် ၄၀ ပါဝင်ရာ ယင်းတို့တွင် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ မိဖုရားဖွားစော၊ ရာဇာဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်း၊ မင်းကြီးရန်နောင်၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မဟာဗန္ဓုလ၊ မြိတ်မြို့ဝန်ဦးမြတ်လေး၊ ယောမင်းကြီး ဦးဘိုးလှိုင်၊ မက္ခရာမင်းသားကြီး၊ လှိုင်ထိပ်ခေါင်တင်၊ ဘိုးဝဇီရ စသည်တို့ပါဝင်ကြောင်းသိရသည်။

ဆရာကြီးသည် အသက် ၈၀ ကျော်အရွယ်တွင် သီတဂူဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D, D. Litt) ၏ ထေရုပ္ပတ္တိကို ရေးသားလိုသည့်အတွက် ဆရာတော်ကြီးထံ ရေးသားခွင့် လျှောက်ထားတောင်းပန်ရာ ဆရာတော် ကြီးက ခွင့်ပြုခဲ့ပါသည်။ တစ်ခေတ်တွင် တစ်ယောက် ပေါ်ထွန်းသောသာသနာ့အကျိုး၊ လူသားတို့ ကောင်းကျိုးကို မနေမနားဆောင်ရွက်နေသော အံ့ချီး ဖွယ်ပုဂ္ဂိုလ်ဖြစ်သည့် ဆရာတော်ကြီး၏ဘဝဖြစ်စဉ် ကို ကြည်ညိုစိတ်ဖြင့် ဉာဏ်စွမ်းရှိသမျှ ကြိုးစား အားထုတ်ရေးသားခဲ့ပါသည်။ ဆရာတော်ကြီး၏ ၂၀၁၀ ပြည့်နှစ်အထိ သာသနာပြုဆောင်ရွက်ချက် များအကြောင်းဖြစ်ပြီး သီတဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည့် ပါမောက္ခဒေါက်တာ အရှင်ကိတ္တိ ဗလအပါအဝင် ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ခြင်းများ ပါဝင်ပါသည်။ သီတဂူ ဆရာတော်ကြီး ရေးသားပြုစုသောကျမ်းများ၊ စာအုပ် များ၊ ဆောင်းပါးများ၊ တရားခွေများကို ကိုးကားခဲ့ သည့်အပြင် သီတဂူဆရာတော်ကြီးအကြောင်း အခြားပုဂ္ဂိုလ်များ ရေးသားထားသော ဆောင်းပါးများ၊ ကဗျာများ၊ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ စာစုစာရင်းကျမ်းငယ်ကိုလည်း ကိုးကားခဲ့ပါသည်။




ဆရာကြီးသည် ၂၀၁၃ ခုနှစ်တွင် "သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ၏ဘဝဖြစ်စဉ်အကျဉ်း" စာအုပ် ဖြင့် ဓမ္မဗိမာန်စာပေဆု၊ ဆန်းလွင်စာပေဆု၊ ဓမ္မာ စရိယ ဦးအေးနိုင်စာပေဆုများ ရရှိခဲ့သည်။

ဆရာကြီးမင်းယုဝေ၏ ထင်ရှားသောအခြား စာအုပ်များမှာ ပွင့်စစံပယ် ကလေးကဗျာများ( ၁၉၇၃)၊ ရဲသုံးဘော်နှင့် အခြားပုံပြင်များ (ဂရင်းပုံပြင်ဘာသာ ပြန်- ၁၉၇၄)၊ ၃၈ ဖြာမင်္ဂလာပုံပြင်များ (၁၉၉၂)၊ တို့ပြည်တို့ရွာကဗျာများ(၁၉၉၄)၊ စကားကြီး ၁၀ မျိုး ရုပ်ပြ (၁၉၉၅)၊ ဇာတ်ကြီးဆယ်ဘွဲ့အနှစ်ချုပ် (၁၉၉၅)၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာပုဂ္ဂိုလ်ကျော် ၂၀ ( ၂၀၁၃ )၊ အနော်ရထာနှင့် တို့ဘိုးဘွားများ (ဒု-ကြိမ်) (၂၀၁၇) တို့ဖြစ်ကြသည်။ ဆရာကြီးမင်းယုဝေ၏ စာများ၊ ကဗျာများကို အင်္ဂလိပ်၊ ဂျာမန်၊ တရုတ်၊ ဂျပန်၊ ဟင်ဒီ၊ ဆာဘီးယား စသည့်ဘာသာများဖြင့် ပြန်ဆိုပြီး ပြန်ဆိုဆဲဖြစ်ပြီး နိုင်ငံခြားတွင်လည်း ထုတ်ဝေခဲ့ကြသည်။

ဆရာကြီးမင်းယုဝေသည် အင်္ဂလန်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဂျာမနီ၊ သီရိလင်္ကာ၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများသို့ ပညာသင်၊ ချစ်ကြည်ရေး၊ လေ့လာရေး သွားရောက်ခဲ့သည်။

ဆရာကြီးမင်းယုဝေသည် စာပေအနုပညာ လုပ်ငန်းများတွင် ဘဝတစ်သက်တာလုံး ကျရာ အခန်းမှ ပီပြင်စွာဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၀၅ ခုနှစ်တွင် နတ်ရေကန်ရွှေစောင်းစာပေဆု၊ ၂၀၀၆ ခုနှစ်တွင် ဓမ္မဗိမာန်ကပေးအပ်သော တစ်သက်တာဓမ္မစာပေ ဆု၊ ၂၀၁၁ ခုနှစ်တွင် သုတစွယ်စုံတစ်သက်တာ စာပေဆု၊ ၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်သော အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၁၃ ခုနှစ်တွင် ဓမ္မဗိမာန်စာပေဆု၊ ဆန်းလွင်စာပေဆု၊ ဓမ္မာစရိယ ဦးအေးနိုင်စာပေဆုများ ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဆရာဝန်တင်ရွှေတစ်သက်တာ စာပေဆုတို့ ချီးမြှင့်ခံခဲ့ရသည်။

ဆရာကြီးသည် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် မင်္ဂလာဗျူဟာအသင်း ချုပ်နှင့် မင်္ဂလာဗျူဟာပရဟိတအဖွဲ့တို့တွင် နာယကအဖြစ်လည်းကောင်း၊ လယ်တီမူအနာဂါမ် ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်(သန်လျင်)တွင် နာယကအဖြစ်လည်းကောင်း သာသနာ့အကျိုးကို လည်း ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

ဆရာကြီးသည် အသက်၉၃ နှစ်အရွယ် အိုမင်း မစွမ်းချိန်ရောက်ရှိနေပြီဖြစ်သော်လည်း စာပေ အပေါ်ထားရှိသော စိတ်စေတနာကြီးမားစွာဖြင့် ပညာအား၊ ဉာဏ်အား၊ စိတ်အင်အား ကောင်းမွန် စွာဖြင့် မြတ်မင်္ဂလာဘာသာရေးစာစောင်နှင့် မင်္ဂလာမောင်မယ်စာစောင်တို့တွင် အယ်ဒီတာချုပ် အဖြစ်ဆောင်ရွက်လျက် နေအိမ်မှာပင် စာစောင်တို့ ကို ကြီးကြပ်တည်းဖြတ်ပေးခဲ့သည်။

ဆရာကြီးသည် အယ်ဒီတာချုပ်တာဝန်ကို အသက် ၉၃ နှစ်အရွယ်အထိ ထမ်းဆောင်ခဲ့ပြီး ကလောင်ရှင်ပေါင်းများစွာကိုလည်း မွေးထုတ်ပေး ခဲ့ပါသည်။ ဆရာကြီးသည် ကဗျာနှင့်စာရေးသားခဲ့ သည့် သက်တမ်းနှစ်ပေါင်း ၈၀ ခန့်ရှိပြီး စာပေ အယ်ဒီတာသက်တမ်း နှစ်ပေါင်း ၆၀ ခန့်ရှိခဲ့ပါသည်။

ဆရာကြီးသည် အမှတ် ၁/၄ ပထမထပ် ဓမ္မာ ရုံ ၁ လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ရှိနေအိမ်တွင် မိသားစုနှင့်အတူနေထိုင်စဉ် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သမီးဖြစ်သူ ပါမောက္ခဒေါက်တာ ဒေါ်ခင်ရီဝင်းနှင့် သားဖြစ်သူ ဦးသက်ဝင်းတို့ ကျန်ရစ်ခဲ့ပါသည်။

စာပေဗိမာန်စာတည်းတာဝန်ဖြင့် ဆရာကြီး မင်းယုဝေ၏အကြောင်းကို သတင်းစာများတွင် ဖော်ပြရန် စုဆောင်းပြုစုနေဆဲမှာပင် ဆရာကြီး ကွယ်လွန်သွားသဖြင့် ဆရာကြီး၏စာပေပရိသတ် တစ်ဦးအနေဖြင့် အထူးစိတ်မကောင်းဖြစ်ခဲ့ရပါ သည်။ ဆရာကြီးကွယ်လွန်သွားခဲ့သော်လည်း မြန်မာစာပေအနုပညာကောင်းကင်တွင် အစဉ် တောက်ပနေမည့် ကြယ်ကြီးတစ်လုံးအဖြစ် ရှိနေ မည်ဖြစ်ပါသည်။

ဆရာကြီးကွယ်လွန်ခဲ့သော်လည်း ဆရာကြီး ဖန်တီးခဲ့သော စာပေအနုပညာလက်ရာများသည် အစဉ်ထွန်းပြောင်နေကာ ဆရာကြီးဖောက်ခဲ့သော စာပေအနုပညာ လမ်းကြောင်းသည်လည်း နောင်လာနောက်သားတို့ ဆက်လက်လျှောက်လှမ်း နိုင်သည့် လမ်းကောင်းလမ်းမှန် အမွေအနှစ်အဖြစ် ထင်ရှားကျန်ရစ်ခဲ့ပါသည်။ ဆရာကြီးမင်းယုဝေ၏ စိတ်စေတနာကို လေးစားတန်ဖိုးထား၍ မြန်မာ စာပေကို ထိန်းသိမ်းစောင့်ရှောက်ရမည်မှာလည်း မြန်မာစာပေကို ချစ်မြတ်နိုးသူတိုင်း၏ တာဝန်ပင် ဖြစ်ပါကြောင်း ဆရာကြီးကို ဂါရဝပြုလျက်တင်ပြ ရေးသားအပ်ပါသည်။ ။

**ကိုးကားသည့် စာအုပ်စာစောင်များစာရင်း**

၁။ ၂၀၁၁ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု လက်ကမ်းစာစောင်
၂။ ဆဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား လက်ကမ်း စာစောင်
၃။ မြန်မာစာပေပညာရှင် သက်တော်ရှည် စာရေးဆရာကြီး မင်းယုဝေ၊ မောင်ခေတ် ထွန်း၊ စံတော်ချိန်နေ့စဉ်၊ ၁၆-၇-၂၀၂၂
၄။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ
၅။ ဆရာမင်းယုဝေရေးသားသော စာအုပ်များ

# မိမိကိုယ်တိုင် ကျန်းမာရေးကို ဂရုစိုက်ခြင်းဖြင့် မိမိရဲ့မိသားစုကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်ရာရောက်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေကို ဆက်လက်လိုက်နာကြပါ

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

### ထက်လျှံ

**အစီအစဉ်မှူး။ ။ ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ 'ဒယ်လ်တာ' ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

ကိုဗစ်–၁၉ ရောဂါနဲ့ပတ်သက်ပြီး မျိုးဗီဇ စစ်ဆေးမှုတွေ ဘာကြောင့်လုပ်ဆောင်ဖို့ လိုအပ်လဲဆိုတာ ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။ ။** မျိုးဗီဇ စစ်ဆေးမှုတွေဟာ ကိုဗစ် –၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးမှာ အလွန်အရေးပါပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက Genetic Sequence လို့ခေါ်တဲ့ မျိုးဗီဇစစ်ဆေးမှုနဲ့ ပတ်သက်ပြီး ရလဒ်ထုတ်ပြန်တာ ရှိပါတယ်။ ဒီထုတ်ပြန်ထားတဲ့ရလဒ်နဲ့စပ်လျဉ်းပြီး မရှင်းလင်းတဲ့ အကြောင်းအရာတွေကို 'ဒယ်လ်တာ' နဲ့ ပတ်သက်ပြီး သိကောင်းစရာများ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါလို ရောဂါတစ်ခုဖြစ်ရင် ဗိုင်းရပ်စ်ကို လိုအပ်တဲ့စစ်ဆေးမှုတွေ မလုပ်ဘဲနေလို့မရပါဘူး။ စစ်ဆေးမှုနဲ့ တိုင်းတာမှုတွေ လုပ်နိုင်မှသာ ဘယ်နေရာပြုပြင်ရမလဲ၊ ဘယ်နေရာကို အကောင်းဆုံးဖြစ်အောင် လုပ်ရမလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ဒါက မျိုးရိုးဗီဇစစ်ဆေးခြင်းကို လုပ်ဆောင်သင့်တဲ့အချက် တစ်ချက် ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်တဲ့အခါ ဗိုင်းရပ်စ်က ဘယ်လောက်အထိ မြန်မြန်ဆန်ဆန် ကူးစက်နိုင်သလဲဆိုတာ သိဖို့လိုပါတယ်။ ဒ့ါအပြင် တစ်ဦးနဲ့တစ်ဦး ဘယ်လိုကူးစက်သွားတာလဲ၊ ရောဂါကူးစက်မှုကို ရပ်တန့်အောင်၊ နှေးအောင် လုပ်နိုင်တဲ့နည်းလမ်းတွေ၊ ဗိုင်းရပ်စ်ကို ဘယ်လိုနိုင်အောင်လုပ်ရမလဲ ဒါတွေသိမှ ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်နိုင်မှာ ဖြစ်ပါတယ်။

### တိုက်ဆိုင်စစ်ဆေးရ

သာမန် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးတဲ့အခါ ရောဂါလက္ခဏာမရှိတဲ့သူ၊ သံသယလက္ခဏာ ရှိနေသူ၊ ပိုးတွေ့လူနာနဲ့ထိတွေ့သူတွေကို ရောဂါရှိ/ မရှိ စစ်ဆေးတာက Diagnostic Test လို့ ခေါ်ပါတယ်။ Genomic Sequence ဆိုတာက လူတစ်ဦးမှာ ကူးစက်နေတဲ့ ရောဂါပိုးသည် ဘယ်လိုမျိုးရိုးဗီဇလဲဆိုတာ သိနိုင်ဖို့အတွက် ပိုးတွေ့သူရဲ့ ခၢတ်ခွဲနမူနာကို စစ်ဆေးတာ ဖြစ်ပါတယ်။ ဒီလိုပိုးတွေ့ ဓာတ်ခွဲနမူနာတွေကိုစစ်တဲ့အခါ ဗိုင်းရပ်စ်ပါဝင်တဲ့ မျိုးရိုးဗီဇ ဖွဲ့စည်းတည်ဆောက်မှု ပုံစံတွေနဲ့ ကိုက်ညီမှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးရပါတယ်။ ဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ အချက်အလက်ပေါင်းစုံကို Genomic Sequence လို့ ခေါ်ပါတယ်။ ဒီလို လုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက် နှစ်ချက် ရှိပါတယ်။ နံပါတ် (၁) လက်ရှိရှိနေတဲ့ ဗိုင်းရပ်စ်က Mutation ကနေ အောင်မြင်တဲ့ Variants အဖြစ် ပြောင်းလဲတဲ့အခါ ဒီ Variants က ဘယ်လိုမျိုးလဲဆိုတာ ကြည့်ပါတယ်။ နံပါတ် (၂) လူတစ်ဦးကနေ တစ်ဦးကို Variants က ဘယ်လိုပုံစံမျိုးနဲ့ ကူးစက်လဲဆိုတာ ကြည့်ပါတယ်။

ကိုဗစ်–၁၉ က တစ်ချိန်လုံး ပြောင်းလဲနေတဲ့အတွက် သူ့ကိုအမီလိုက်ဖို့လိုတဲ့အခါ သူဘယ်လိုပြောင်းလဲနေလဲဆိုတာ သိဖို့လိုအပ်ပါတယ်။ ဒါမှ ကိုဗစ်–၁၉ ရဲ့ ပြောင်းလဲမှုတွေကို သိရှိပြီး အမြန်ဆုံး ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်တာတွေကို မျိုးရိုးဗီဇစောင့်ကြည့်ခြင်း (Genomic Surveillance) လို့ ခေါ်ပါတယ်။

### ရောဂါနဲ့ကိုက်ညီမှု ရှိ/မရှိ

ယခင်က Genomic Surveillance ကို ကမ္ဘာ့ကပ်ရောဂါမဖြစ်ခင်က လူနာတွေကို ကုသတဲ့အခါ ပိုးသတ်ဆေးသည် ရောဂါနဲ့ကိုက်ညီမှု ရှိ/မရှိ၊ ဒီပိုးသတ်ဆေးပေးရင် ရောဂါပိုးကို နိုင်/မနိုင် သိနိုင်ဖို့အတွက် သုံးပါတယ်။ နောက်တစ်ချက်က အစုလိုက် အပြုံလိုက် အစာအဆိပ်သင့်ခြင်း အပါအဝင် လူအများနဲ့သက်ဆိုင်တဲ့ ကျန်းမာရေးဆိုင်ရာ ဖြစ်ရပ်တစ်ခုခု ဖြစ်ပေါ်လာရင် ဒါတွေကို စုံစမ်းစစ်ဆေးတဲ့အခါ Genomic Surveillance ကို အသုံးပြုပါတယ်။ တုပ်ကွေးဗိုင်းရပ်စ်ရဲ့ ရာသီအလိုက်၊ နှစ်အလိုက်ပျံ့နှံ့နေတဲ့ သူရဲ့ Strains ကို သိချင်တဲ့အခါ သုံးပါတယ်။ ဒါမှသာ နှစ်အလိုက် ကာကွယ်ဆေးတွေ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

**ပြည်သူတွေအနေနဲ့ ကာကွယ်ရမယ့် နည်းစနစ်တွေဖြစ်တဲ့ နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာ၊ ချောင်းဆိုး နှာချေရင် အုပ်ဆိုးတာမျိုးတွေ၊ လေကောင်းလေသန့်ရအောင် နေထိုင်တာတွေ လုပ်ဆောင်ဖို့ လိုပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့သူတွေအနေနဲ့လည်း မပျက်မကွက်ထိုးနှံပါ။ နှစ်ကြိမ်ပြည့် ထိုးနှံပါ။ မထိုးရသေးသူတွေအနေနဲ့လည်း ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာပြီး ကာကွယ်ဆေး ထိုးနှံဖို့ စိတ်ရှည်လက်ရှည်စောင့်ပါလို့ ပြောချင်ပါတယ်။**

မျိုးရိုးဗီဇစောင့်ကြည့်ခြင်း (Genomic Surveillance) လုပ်ရတဲ့ ရည်ရွယ်ချက် သုံးခုရှိပါတယ်။ နံပါတ် (၁) ဗိုင်းရပ်စ်အနေနဲ့ တစ်နိုင်ငံကနေ တစ်နိုင်ငံ ဘယ်လိုကူးစက်သလဲ၊ ဘယ်လိုပြောင်းသလဲသိဖို့ ဖြစ်ပါတယ်။ ဒီလိုသိခြင်းဖြင့် ဗိုင်းရပ်စ်ရဲ့ ပြောင်းလဲမှုဖြစ်စဉ်ကနေ ရောဂါရဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တာတွေကို သိပ္ပံပညာရှင်တွေကတွေ့ရှိပြီး ရောဂါထိန်းချုပ်မှုတွေကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ နံပါတ် (၂) Genomic Surveillance လုပ်ဆောင်ခြင်းဖြင့် ဗီဇပြောင်းလဲမှုကို စောစီးစွာသိရှိပြီး လိုအပ်တဲ့သတိပေးမှုတွေကို ဆောင်ရွက်နိုင်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရာမှာ မူဝါဒချမှတ်သူတွေအနေနဲ့ လိုအပ်တဲ့ လုပ်ဆောင်မှုတွေကို လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီလိုသတိပေးနိုင်တဲ့အတွက် ဖြစ်ရပ်ဆိုးတွေ မဖြစ်အောင် မြန်မြန်ထိန်းချုပ်ပေးနိုင်တာ ဖြစ်ပါတယ်။ နံပါတ် (၃) Genomic Surveillance စနစ်တစ်ခု တည်ဆောက်ထားခြင်းဖြင့် ဗီဇပြောင်းလဲခြင်းကြောင့် ရောဂါဖြစ်ပွားမှုတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ပြီး အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။

### ထိန်းချုပ်နိုင်ဖို့ခက်

ပုံမှန်အားဖြင့် ပိုးတွေ့တဲ့သူရဲ့ ၅ ရာခိုင်နှုန်းလောက်ကို Genetic Sequence လုပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်တဲ့အခါ ကြုံရာကျပန်း ဓာတ်ခွဲနမူနာတွေကို လုပ်လို့မရပါဘူး။ တစ်စုံတစ်ခုသော လူအုပ်စုကို ကိုယ်စားပြုနိုင်တဲ့ ဓာတ်ခွဲနမူနာတွေ ဖြစ်ရမှာဖြစ်ပါတယ်။ ဒီလို လုပ်ဖို့လိုပါတယ်။ မလုပ်ဘူးဆိုရင် ဗိုင်းရပ်စ်က ကူးချင်သလို ကူးမယ်။ ပျံ့နှံ့ချင်သလို ပျံ့နှံ့မယ်။ ဒါဆိုရင် ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ဒီလို Genomic Surveillance စနစ် လုပ်ထားခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေး ပညာရှင်တွေ၊ ကာကွယ်ဆေး ထုတ်လုပ်တဲ့ သူတွေအနေနဲ့ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်တွေ ချနိုင်မယ်။ လိုအပ်တာတွေကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Genomic Surveillance လုပ်နေပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီမှာ D.6.1.4 ကနေ 6.1.4.G ဆိုပြီး ပြောင်းသွားတယ်ဆိုတာကို ဆေးသုတေသနဦးစီးဌာနက ထုတ်ပြန်ပါတယ်။ ဒုတိယလှိုင်းက 6.1.4.G ကြောင့်ဖြစ်တယ်ဆိုတာ သိနိုင်ပါတယ်။ တတိယလှိုင်းမှာလည်း မေလလောက်ကတည်းက ဓာတ်ခွဲနမူနာတွေ ယူတယ်။ တပ်မတော်ဆေးသုတေသနတပ်ဖွဲ့က စစ်ဆေးတာလည်း ရှိတယ်။ ဒ့ါအပြင် WHO ရဲ့ စံပြုသုတေသနဓာတ်ခွဲခန်းတွေထဲက တစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံ ဓာတ်ခွဲခန်းကိုလည်း ပို့ပြီး တစ်ပြိုင်တည်း စစ်ဆေးပါတယ်။

ဓာတ်ခွဲနမူနာတွေယူတဲ့အခါ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုရှိနေတဲ့ နယ်စပ် မြဝတီ၊ တာချီလိတ်၊ ထားဝယ်၊ တမူး စသဖြင့် ဒီလိုနေရာတွေက ဓာတ်ခွဲနမူနာတွေကို ယူပါတယ်။ နိုင်ငံခြားက ပြန်လာတဲ့သူ၊ ပြည်တွင်းက ရောဂါဖြစ်ပွားသူတွေရဲ့ ဓာတ်ခွဲနမူနာတွေကို ယူပါတယ်။ တွေ့ရှိတဲ့အဖြေအရ မြန်မာနိုင်ငံမှာ 'အယ်လ်ဖာ'ဆိုတဲ့ ယူကေဗီဇပြောင်းပိုး၊ 'ဘီတာ' ဆိုတဲ့ တောင်အာဖရိက ဗီဇပြောင်းပိုး၊ 'ဒယ်လ်တာ' ဆိုတဲ့ အိန္ဒိယဗီဇပြောင်းပိုးစတဲ့ Variant of Concern (VOC) အန္တရာယ်ရှိနိုင်တဲ့ မျိုးဗီဇ လေးမျိုးထဲက သုံးမျိုး တွေ့ပါတယ်။ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဂရုပြုရမယ့် Variant of Interest(VOI)ထဲက 'ကပ်ပါ' ဆိုတဲ့ အိန္ဒိယမှာတွေ့တဲ့ ပိုးတစ်မျိုးတွေ့ပါတယ်။ ဒီရလဒ်ကို ဇွန်လ ၁၅ ရက်မှာ ထုတ်ပြန်ထားပါတယ်။

ဇွန်လနဲ့ ဇူလိုင်လက ဓာတ်ခွဲနမူနာတွေထဲက ၁၅ ခုယူပြီး နေပြည်တော်မှာရှိတဲ့ တပ်မတော် ဆေးသုတေသနတပ်မှာ ဆောင်ရွက်ပါတယ်။ ဓာတ်ခွဲနမူနာတွေကို ရောဂါဖြစ်ပွားမှုအစုလိုက် အပြုံလိုက်ဖြစ်တဲ့ နေရာက ယူပါတယ်။ အလွန်ရောဂါပြင်းထန်ပြီး သေဆုံးမှုများတဲ့ အုပ်စုက ယူပါတယ်။ အသက်ငယ်တယ်၊ နောက်ခံရောဂါမရှိဘူး။ သို့သော် ရောဂါပြင်းထန်တဲ့သူတွေကို ယူပါတယ်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ပိုးတွေ့ရှိသူတွေဆီက ယူတယ်။ ကလေးတွေ ပုံမှန်အားဖြင့် ရောဂါဖြစ်ပွားမှုနည်းပါတယ်။ ဘာကြောင့် ရောဂါဖြစ်ပွားတယ်သိချင်လို့ ယူပါတယ်။ အခြားနိုင်ငံတွေနဲ့ ကူးလူးဆက်ဆံမှုရှိတဲ့ နယ်စပ်ဂိတ်ဝင်ပေါက်/ ထွက်ပေါက်တွေက ယူပါတယ်။ ဒီလိုယူပြီးစစ်တဲ့အခါ စစ်ဆေးတဲ့ ဓာတ်ခွဲနမူနာ ၁၅ ခုမှာ ၁၅ ခုစလုံး 'ဒယ်လ်တာ' တွေ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရောဂါကူးစက်မှုရဲ့ အဓိကလက်သည်က 'ဒယ်လ်တာ' ဖြစ်တယ်ဆိုတာကို ပြောလိုခြင်း ဖြစ်ပါတယ်။

### သာမန်လက္ခဏာလောက် ခံစားရ

၁၅ ယောက်မှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးထားပြီး ရောဂါဖြစ်ပွားတဲ့ ၉ ယောက်ကို ထည့်သွင်းစစ်ဆေးထားပါတယ်။ ၉ ယောက်ထဲမှာ ၇ ယောက်က ရောဂါဖြစ်လို့ ဖြစ်မှန်းတောင် မသိဘူး။ သာမန်လက္ခဏာလောက် ခံစားရပါတယ်။ ၂ ယောက်က အသင့်အတင့်ပြင်းထန်တယ်ဆိုတာ တွေ့ရပါတယ်။ ပြောချင်တာက ကာကွယ်ဆေး ထိုးထားရင် ရောဂါကူးစက်မှုရှိခဲ့ရင်တောင် သာမန်လက္ခဏာ၊ အသင့်အတင့်လောက်ပဲ ရှိတယ်ဆိုတာကို သိစေလိုပါတယ်။

Genetic Sequence လို့ခေါ်တဲ့ မျိုးဗီဇစစ်ဆေးခြင်း၊ Genomic Surveillance လုပ်ခြင်းက အုပ်စုတစ်စုစီရဲ့ ကိုယ်စားပြုတဲ့ ဓာတ်ခွဲနမူနာကို ယူပြီးစစ်ဆေးတာ ဖြစ်တယ်။ နေပြည်တော်က ၅ ယောက်၊ ရန်ကုန်က ၂ ယောက်၊ မန္တလေးက ၂ ယောက်၊ စစ်တွေ၊ တောင်ငူ၊ ကလေး၊ မုံရွာ၊ လားရှိုး၊ မော်လမြိုင်က တစ်ယောက်စီဖြစ်ပြီး အားလုံးက 'ဒယ်လ်တာ' ပိုးတွေ့ပါတယ်။ နေပြည်တော်က ၅ ယောက်မို့ ဆိုးတယ်၊ ရန်ကုန်က ၂ ယောက်မို့ သိပ်မဆိုးဘူး ဒီလိုအဓိပ္ပာယ် မဟုတ်ပါဘူး။

'ဒယ်လ်တာ' ဗီဇပြောင်းပိုးက ကမ္ဘာ့နိုင်ငံ ၁၇၄ နိုင်ငံကို ရောက်ရှိနေပြီလို့ WHO ရဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နောက်ဆုံးထုတ်ပြန်ချက်အရ သိရပါတယ်။ 'ဒယ်လ်တာ' ဗီဇပြောင်းပိုး ယူကေက အဖြစ်အများဆုံးဖြစ်ပြီး ဒုတိယ အမေရိကဖြစ်ပါတယ်။ တတိယ ဒိန်းမတ်၊ စတုတ္ထ တူရကီနိုင်ငံ၊ ပဉ္စမ ဂျာမနီနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း 'ဒယ်လ်တာ' ဗီဇပြောင်းပိုးက ဖြစ်ပွားမှုရဲ့ အဓိက လက်သည်ဆိုတာကို မျိုးဗီဇ စစ်ဆေးမှုတွေက သက်သေပြနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါက စဉ်ဆက်မပြတ် စောင့်ကြည့်ထောက်လှမ်းနေရမယ့် Genomic Surveillance ထဲက တစ်ခု ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ✪



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူစွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်နှင့် မြဝတီ ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ခြောက်ခုမှ ယာဉ်စီးရေ ၁၇ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးဖြင့် တန် ၆၀၊ အောက်ဆီဂျင်(အိုးခွံ) ၁၂၇ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် လေးခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေး ဝတ်စုံ အစုံ ၁၆၀၀ နှင့် နှာခေါင်းစည်း ၅၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးမှာ ရန်ကုန်မြို့သို့ နှစ်စီးနှင့် မော်လမြိုင်မြို့သို့ တစ်စီးဖြစ်ပြီး အောက်ဆီဂျင် ထုတ်သည့်စက် လေးခုမှာ မန္တလေးမြို့၊ ချောက်မြို့၊ မိုးညှင်းမြို့၊ ကန်ကြီးထောင့်မြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြု ပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ သုံးခုမှ Omparine E Injection အခု ၂၀၀၀၀၊ Vinoxarin Injection ၁၀၀၇၆ ခု၊ Paracetamol Tablet အခု ၁၀၀၀၊ Cpm-d Syrup အခု ၄၇၀၀၊Dexamethasone Tablet အခု ၁၀၀၀၊ Dzinc Tablet အခု ၂၀၀၀၊Enoxaparin Sodium Injection ၁၀၀၈ ခု၊ နယ်စပ်(ချင်းရွှေဟော်၊ မြဝတီ)၌ ကုမ္ပဏီ ခြောက်ခုတို့မှ အောက်ဆီဂျင်ဆလင်ဒါ ၁၂၇ ခု၊ နှာခေါင်းစည်း ၆၇၂၉၅ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၄၆၉ ကုဗမီတာ၊ Flow Meter အခု ၇၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၁၆၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် သုံးခု၊ Glucose Injection ကီလိုဂရမ် ၃၀၄၈၀၊ ရပ်အလောင်းထည့်အိတ် ကီလိုဂရမ် ၁၄၀၀၊ မျက်နှာအကာ ကီလိုဂရမ် ၉၀၊ Filling Pump လေးခု၊ Viporizer သုံးခု၊ Filling Station ငါးခု၊ Trolley ၂၅ ခုတို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



✪ စာမျက်နှာ ၁၈ မှ

**အစီအစဉ်မှူး။ ။ မျိုးဗီဇပြောင်း 'ဒယ်လ်တာ' နဲ့ပတ်သက်ပြီး ပြည်သူတွေ သိသင့်သိထိုက်တဲ့ အချက်တွေကိုလည်း ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** ။ မျိုးဗီဇ ပြောင်း 'ဒယ်လ်တာ' နဲ့ ပတ်သက်ပြီး သတင်းတု၊ သတင်းမှားတွေကို ဆိုရှယ်မီဒီယာမှာ တွေ့ရှိလာရပါတယ်။ 'ဒယ်လ်တာ' မျိုးဗီဇနဲ့ပတ်သက်လို့ မင်းသိရမယ့် အချက် ရှစ်ချက်ဆိုပြီး အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှာရှိတဲ့ UC Davis Health က ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက် ရက်စွဲနဲ့ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။

### အလွန်ကူးစက်မှုမြန်

ဒီထုတ်ပြန်ချက်မှာ ပြောထားတာက နံပါတ် (၁) 'ဒယ်လ်တာ' မျိုးဗီဇက အလွန်ကူးစက်မှုမြန်တယ်၊ ကူးစက်နိုင်စွမ်းမြင့်မားတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။ နံပါတ် (၂) လက္ခဏာတွေက အရင်အတိုင်းပါပဲ။ ဖျားတယ်၊ ချောင်းခြောက်ဆိုးတယ်၊ မောပန်းတယ်စတဲ့ လက္ခဏာတွေက တွေ့ရအများဆုံးဖြစ်ပြီး ကိုယ်လက်ကိုက်ခဲမယ်၊ လည်ချောင်းနာမယ်၊ ဝမ်းသွားမယ်၊ မျက်လုံးနီမယ်၊ ရောင်မယ်၊ ခေါင်းကိုက်မယ်၊ ရုတ်တရက်အနံ့ပျောက်မယ်၊ အရေပြားပေါ်မှာ အနီကွက်တွေဖြစ်မယ်၊ ခြေချောင်းလက်ချောင်းတွေ အရောင်ပြောင်းမယ် စတဲ့လက္ခဏာတွေလည်း တွေ့ရနိုင်ပါတယ်။ တချို့တွေမှာ အလွန်ပြင်းထန်တဲ့ လက္ခဏာတွေဖြစ်တဲ့ အသက်ရှူရခက်ခဲတာ၊ မောတာ၊ ရင်ဘတ်အောင့်တာ၊ ဖိထားသလို ခံစားရတာ၊ စကားကောင်းကောင်း မပြောနိုင်တာ၊ လှုပ်ရှားမှုတွေ ကောင်းကောင်းမလုပ်နိုင်တာတွေလည်း လာတတ်ပါတယ်။ သို့သော် ရောဂါကူးစက်ခံရတဲ့သူတွေမှာ ဖျားနာမှုက ပိုပြီးမြန်မြန်ဆန်ဆန် ဆိုးဆိုးရွားရွား ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် လူငယ်တွေမှာ ပိုပြီးတွေ့ရများပါတယ်။ ကာကွယ်ဆေးထိုးပြီးသူတွေမှာ ရောဂါလက္ခဏာပြချင်မှ ပြမယ်။ သာမန်လောက်ပဲ ပြလေ့ရှိပါတယ်။

နံပါတ် (၃) 'ဒယ်လ်တာ' မျိုးဗီဇက ကာကွယ်ဆေးမထိုးထားသူတွေကို ပိုပြီးတိုက်ခိုက်ပါတယ်။ အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန(CDC)ရဲ့ ဇူလိုင် ၂၂ ရက် ထုတ်ပြန်ချက်အရ ဆေးရုံတက်ရောက်ရသူတွေရဲ့ ၉၇ ရာခိုင်နှုန်းသည် ကာကွယ်ဆေးမထိုးထားသူတွေဖြစ်ပါတယ်။ နံပါတ် (၄) Breakthrough Infection လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးပြီးသူတွေမှာ ပိုးတွေ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံမှာ ဩဂုတ်လ ၂၃ ရက်နေ့အထိ ကာကွယ်ဆေးထိုးပြီးသူ ၁၇၁ သန်းရှိပါတယ်။ ဒီအထဲမှာ ကာကွယ်ဆေးထိုးပြီး ပိုးပြန်တွေ့တယ်ဆိုသူ ၁၁၀၅၀ သာရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် တွက်မယ်ဆိုရင် သုည ဒသမ ၀၀၅ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတာ သိစေချင်ပါတယ်။

### နှောင်တဆိုတာ နှောင်မှရ

နံပါတ် (၅) 'ဒယ်လ်တာ' မျိုးဗီဇက တချို့နိုင်ငံ၊ တချို့လူ့အုပ်စုတွေအတွက် ဖျက်ဆီးနိုင်စွမ်း အလွန်မြင့်မားတယ်။ ရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ အများကြီး ထိခိုက်နိုင်ပါတယ်။ နံပါတ် (၆) ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရသူ၊ အထူးကြပ်မတ်ကုသဆောင် ရောက်သူတွေက " သူတို့တွေဘာဖြစ်လို့ ကာကွယ်ဆေးမထိုးခဲ့မိပါလိမ့်၊ ကာကွယ်ဆေးထိုးဖို့ ပြောစကားကို ဘာကြောင့် နားမထောင်မိပါလိမ့်"ဆိုပြီး နှောင်တရကြောင်း ဖွင့်ဟပြောဆိုပါတယ်။ နှောင်တဆိုတာ နှောင်မှရတာ ဖြစ်ပါတယ်။ ဆုံးရှုံးမှုတွေ အများကြီးရင်းပြီးမှရတဲ့ နှောင်းနှောင်တက မကောင်းပါဘူး။ ဒါကြောင့် ဒါကလည်း အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

### ကာကွယ်ဆေးထိုးနှံဖို့ အရေးကြီး

နံပါတ် (၇) 'ဒယ်လ်တာ'မျိုးဗီဇက ကာကွယ်ဆေးထိုးပြီးရင်တောင် အခြားသူကို ကူးစက်နိုင်စွမ်းရှိတယ်ဆိုတာ သုတေသနတွေက တွေ့ရပါတယ်။ ဗိုင်းရပ်စ်ပမာဏ ကွာခြားမှုမရှိဘူးဆိုပေမယ့် အခြားသူကို ကူးစက်နိုင်တဲ့ကာလ အလွန်တိုတောင်းပါတယ်။ သူ့ကို ကူးစက်တာနဲ့ အမြန်ရှင်းလင်းနိုင်တဲ့အတွက် အခြားသူကို ကူးစက်မှုက တိုတောင်းသွားတာ ဖြစ်ပါတယ်။ နံပါတ် (၈) က ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး နောက်ထပ်မျိုးဗီဇကွဲတွေ ထပ်လာဦးမှာ ဖြစ်ပါတယ်။ အခု ရက်ပိုင်းမှာလည်း မျိုးဗီဇပြောင်း 'မျူ'ဆိုပြီး ကိုလံဘီယာနိုင်ငံမှာ စတွေ့ပြီး နိုင်ငံပေါင်း ၃၉ နိုင်ငံကို ရောက်နေပြီ။ ပီရူးနိုင်ငံမှာ စတွေ့တဲ့ 'လမ်ဘဒါ' မျိုးဗီဇပြောင်းပိုးဆိုလည်း တောင်အမေရိကမှာ ပျံ့နှံ့မှုတွေ့နေရတယ်။ ကမ္ဘာတစ်ဝန်းက ကျန်းမာရေးနဲ့ဆိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေက Variant of Interest စိတ်ဝင်တစား စောင့်ကြည့်ရမယ့် မျိုးကွဲထဲမှာ ထည့်ထားတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ အရေးကြီးပါတယ်။ ကာကွယ်ဆေး များများထိုးနှံလေ မျိုးဗီဇကွဲတွေ ဖြစ်ပွားဖို့ တားဆီးနိုင်လေ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ ကာကွယ်ရမယ့် နည်းစနစ်တွေဖြစ်တဲ့ နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာ၊ ချောင်းဆိုး နှာချေရင် အုပ်ဆိုးတာမျိုးတွေ၊ လေကောင်းလေသန့်ရအောင် နေထိုင်တာတွေ လုပ်ဆောင်ဖို့ လိုပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့သူတွေအနေနဲ့လည်း မပျက်မကွက်ထိုးနှံပါ။ နှစ်ကြိမ်ပြည့် ထိုးနှံပါ။ မထိုးရသေးသူတွေအနေနဲ့လည်း ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာပြီး ကာကွယ်ဆေးထိုးနှံဖို့ စိတ်ရှည်လက်ရှည် စောင့်ပါလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဖြည့်စွက် ပြောကြားလိုတာ ရှိရင် ပြောကြားပေးပါ။**

**ဒေါက်တာခင်ခင်ကြီး။** ။ လက်ရှိမှာ WHOရဲ့ စက်တင်ဘာ ၇ ရက် နောက်ဆုံးထုတ်ပြန်ချက်အရ မြန်မာနိုင်ငံပါဝင်တဲ့ အရှေ့တောင်အာရှဒေသဟာ ပြီးခဲ့အပတ်နဲ့ နှိုင်းယှဉ်ရင် ရောဂါဖြစ်ပွားမှု ကိုးရာခိုင်နှုန်း၊ သေဆုံးမှု ၂၁ ရာခိုင်နှုန်း ကျလာပြီဆိုတာ တွေ့ရှိရပါတယ်။ လက်ရှိမှာ ရောဂါဖြစ်ပွားမှု အများဆုံးက အိန္ဒိယ၊ ထိုင်းနဲ့ အင်ဒိုနီးရှားဖြစ်ပါတယ်။ သေဆုံးမှု အများဆုံးက အင်ဒိုနီးရှား၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဖြစ်ပွားမှုနဲ့ သေဆုံးမှု အများဆုံးထဲမှာ မပါဝင်ဘူးဆိုတာ သိစေချင်ပါတယ်။

### အောင်မြင်မှု အသီးအပွင့်

ဒါက ပြည်သူတစ်ရပ်လုံးက ကိုဗစ်-၁၉ စည်းကမ်းချက်တွေကို လိုက်နာတဲ့အောင်မြင်မှု အသီးအပွင့်တွေပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေး လွှမ်းခြုံမှုတွေလည်းကောင်းလို့ ဖြစ်ပါတယ်။ အားလုံး ညီညီညွတ်ညွတ်နဲ့ ဆက်လက်လုပ်ဆောင်မယ်ဆိုရင် လက်ရှိ ရင်ဆိုင်နေရတဲ့ တတိယလှိုင်းကို ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် ကျန်းမာရေးကို ဂရုစိုက်ခြင်းဖြင့် မိမိရဲ့မိသားစု ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို နိုင်ငံသားတစ်ယောက်တာဝန်ကို ကျေပွန်ရာရောက်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေကို ဆက်လက်လိုက်နာကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

■

ဓမ္မ
ပုံပြင်

# ပညာရှိ ငှက်အို

## မင်းယုဝေ

**တစ်**ရံရောအခါ တောအုပ်တစ်ခုတွင် မြင့်မားသော သစ်ပင်ကြီး တစ်ပင် ရှိသည်။ ထိုအပင်သည် အကိုင်း၊ အခက်၊ အလက်၊ အရွက်များနှင့် ဝေဝေဆာဆာရှိသည်။

ထိုအပင်သည် ငန်းတစ်အုပ်၏ မှီခိုရာဖြစ်သည်။ ငန်းငှက်အများသည် အပင်ထိပ်ဖျားတွင် အသိုက်လုပ်၍ နေထိုင်ကြလေသည်။

ငန်းငှက်များတွင် ငန်းအိုကြီးတစ်ကောင်သည် ဉာဏ်ပညာနှင့် ပြည့်စုံသည်။

တစ်နေ့သ၌ သူသည် သစ်ပင်ခြေရင်းတွင် တွယ်ကပ်ပေါက်နေသော နွယ်ပင်ကလေးတစ်ပင်ကို တွေ့မြင်သည်။ ယင်းကိုကြည့်လျက် စဉ်းစားဆင်ခြင်မိသဖြင့် အဖော်ငှက်များအား သတိပေးပြောဆိုသည်။

"အဆွေတို့၊ နွယ်ပင်ငယ်ကို တွေ့မြင်ပါသလော။ ငါတို့အတွက် အန္တရာယ်ဖြစ်သည်။ ယခုချက်ချင်းပင် ငါတို့ ဝိုင်းဝန်းဖျက်ဆီးကြပါစို့"

"ဘာကြောင့် သည်နွယ်ပင်ငယ်ကို ဖျက်ဆီးရမည်နည်း၊ အလွန်သေးငယ်၍ မမှုလောက်သော အပင်ကလေးသာဖြစ်သည်" ဟူ၍ ငန်းတစ်ကောင်က ကန့်ကွက်ပြောဆိုသည်။

"အဆွေတို့၊ ယခုသာလျှင် သည်နွယ်ပင်ငယ်သည် သေးငယ်၍ မမှုလောက်စရာ ဖြစ်နေသည်။ မကြာမီ တစ်စတစ်စကြီးထွားလာကာ နွယ်ပင်ကြီး ဖြစ်လာလိမ့်မည်" ဟူ၍ ငှက်အိုကြီးက ပြန်ပြော၏။

"အဆွေ၊ သည်နွယ်ပင် ကြီးထွားလာသည့်အတွက် ငါတို့နှင့် မည်သို့သက်ဆိုင်ပါသနည်း၊ ငါတို့မှာ ဘာကြောင့် အန္တရာယ်ရှိရမည်နည်း" ဟူ၍ ငန်းတစ်ကောင်က ဆို၏။

"အဆွေတို့၊ နွယ်ပင် ကြီးထွားလာပါက ခိုင်မာတောင့်တင်းပြီးလျှင် သစ်ပင်ထိပ်ဖျားအထိ ရောက်ရှိလာလိမ့်မည်။ ထိုအခါ မုဆိုးတစ်ယောက်ယောက်သည် နွယ်ပင်ကိုတွယ်ခိုလျက် သစ်ပင်ထိပ်ဖျားအထိ အလွယ်တကူတက်လာကာ ငါတို့ကို ရန်ပြုနိုင်လိမ့်မည်" ဟူ၍ ငန်းအိုကြီးက ပြောပြသည်။

ငန်းငှက်များက ငန်းအိုကြီး၏ စကားကို အလေးမပြု။ ဝိုင်းဝန်း၍ပင် ရယ်မောကြသည်။

"အို... အဆွေ၊ သည်မျှအထိ တွေးပူမနေပါနှင့်။ နွယ်ပင်သည် အလွန်သေးငယ်လှပါသေးသည်။ ကြီးထွားဖို့အချိန်များစွာလိုပါသေးသည်"

"အဆွေတို့၊ ယခုကဲ့သို့ နွယ်ပင်သေးငယ်ချိန်တွင်မှ ငါတို့ဝိုင်းဝန်းထိုးဆိတ်ဖျက်ဆီးနိုင်မည်။ ကြီးထွားလာသောအခါ လုံးဝဖျက်ဆီးနိုင်မည်မဟုတ်"

မည်သို့ပင် ဆိုစေကာမူ ငန်းငှက်များသည် ငန်းအိုကြီး၏ စကားကို မနာယူကြ။ 'စောပါသေးသည်'၊ 'လိုပါသေးသည်'၊ 'အစိုးရိမ်ကြီးလွန်းလှသည်' စသည်ဖြင့်ဆိုကာ လျစ်လျူရှုကြသည်။ နွယ်ပင်ငယ်ကို ဖျက်ဆီးခြင်း မပြုကြပေ။

သို့ဖြင့် နွယ်ပင်ငယ်သည်တစ်စတစ်စ ကြီးထွားလာသည်။ သစ်ပင်ခြေရင်းမှ သစ်ပင်အလယ်သို့ လည်းကောင်း၊ အလယ်မှ ထိပ်ဖျားအထိ လည်းကောင်းတက်လာသည်။ နွယ်ပင်၏ပင်စည်မှာလည်း တောင့်တင်းခိုင်မာသော နွယ်ကြိုးကြီးအဖြစ် ပြောင်းလဲလာသည်။

တစ်နံနက်တွင် ငန်းငှက်များ အစာရှာထွက်သွားသည်။ ထိုစဉ် မုဆိုးတစ်ယောက် သစ်ပင်အောက်သို့ ရောက်လာသည်။ သူသည် သစ်ပင်ကို မော်ကြည့်ရာမှ နွယ်ပင်ကိုလည်း မြင်သွားသည်။ ငန်းသိုက်များကိုလည်း မြင်သွားသည်။ ။

"အို... ငန်းသိုက်များပါတကား၊ ယင်းတို့ရှိရာသို့ အလွယ်တကူတက်နိုင်မည့် နွယ်ပင်ကြီးလည်း အသင့်ရှိနေသည်။ ငန်းများ ညနေချမ်းတွင် ပြန်လာကြလိမ့်မည်။ သည်အခါတွင် မလွတ်တမ်း ဖမ်းယူရမည်" ဟူ၍ တစ်ကိုယ်တည်းဆိုကာ နွယ်ကြိုးကိုကိုင်လျက် သစ်ပင်ထိပ်ဖျားသို့ အလွယ်တကူတက်သွားသည်။ ရောက်သောအခါ ပိုက်ကွန်ကို ဖြန့်၍ ထောင်ခဲ့သည်။ ထို့နောက် အလွယ်တကူပင် သစ်ပင်ပေါ်မှ ဆင်း၍ ထွက်ခွာသွားလေသည်။

ညနေချမ်းသို့ ရောက်သောအခါ ငန်းငှက်များသည် အစာရှာရာမှ ပြန်လာကြသည်။ သူတို့သည် ပိုက်ကွန်ကို သတိမပြုမိကြ။ ဝမ်းမြောက်ဝမ်းသာပင် သစ်ပင်ထိပ်ဖျားသို့ ပျံဆင်းနားခိုကြသည်။ ထိုစဉ် ပိုက်ကွန်တွင်းသို့ သက်ဆင်းကျရောက်ကြသည်။ သူတို့သည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အမျိုးမျိုး ရုန်းကန်လှုပ်ရှားကြသည်။ မရ။ တစ်ဖန်အမျိုးမျိုး အော်ဟစ်အကူအညီ တောင်းကြသည်။ မရ။ ကယ်ပါယူပါ တစာစာဖြင့် အော်ဟစ်ညည်းညူကြသည်။ အချည်းနှီးပင်။

သည်တွင် ပညာရှိငန်းအိုကြီးက တည်ငြိမ်စွာဖြင့် ပြောဆိုသည်မှာ "အဆွေတို့၊ ယခုမှ ထိတ်လန့်ညည်းညူ မနေကြနှင့်တော့။ ကယ်မည့်သူကို မျှော်လင့်တောင့်တမနေကြနှင့်တော့။ ရှေးယခင်က သည်အဖြစ်မျိုးရောက်မည်စိုး၍ သင်တို့ကို ငါ သတိပေးခဲ့သည် မဟုတ်ပါလော။ နွယ်ပင်ငယ်ကို ဖျက်ဆီးရန် ပြောခဲ့သည် မဟုတ်ပါလော။ သင်တို့ ငါပြောတိုင်း မပြုခဲ့သဖြင့် ယခု အားလုံးဘေးတွေ့နေကြပြီ။ နက်ဖြန်နံနက်တွင် မုဆိုးရောက်လာလိမ့်မည်။ ငါတို့အားလုံးကို အလွယ်တကူ ဖမ်းယူကာ သတ်ဖြတ်တော့မည်"

"အဆွေ ပညာရှိငှက်အို၊ ငါတို့ မိုက်မဲခဲ့ကြပါသည်။ အဆင်ခြင်ကင်းမဲ့ခဲ့ကြပါသည်။ သင်၏ စကားကို နားမထောင်သဖြင့် ယခုဘေးတွေ့နေပါပြီ။ ငါတို့အားလုံး တောင်းပန်ပါသည်။ လွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာဖွေကြံဆ၍ ညွှန်ပါလော့"

ဟူ၍ ငှက်များက ငိုယိုကာ ဝိုင်းဝန်း တောင်းပန်ကြသည်။

ပညာရှိငှက်အိုသည် သေချာစွာ စဉ်းစားဆင်ခြင်ပြီးလျှင် ငှက်များကို "အဆွေတို့၊ မုဆိုး ရောက်လာသောအခါ သင်တို့အားလုံး ငြိမ်သက်စွာ မလှုပ်မယှက်နေကြ။ အသက်မရှိဟန်၊ သေဆုံးနေဟန်ဆောင်ကြ။ မုဆိုးသည် ငှက်သေကို ဂရုပြုမည်မဟုတ်။ ငါတို့ကို မြေပြင်သို့ ပစ်ချလိမ့်မည်။ ထို့နောက် မြေပြင်သို့ ဆင်းကာ ငါတို့ကို ယူဆောင်လိမ့်မည်။ ထိုစဉ် မုဆိုး မြေပြင်သို့ မရောက်မီ ငါတို့ ရုတ်တရက် ပျံသန်းထွက်ပြေးနိုင်သည်"

ဟူ၍ လေးနက်စွာ အကြံပေး ညွှန်ပြသည်။

နံနက်လင်းသောအခါ မုဆိုးရောက်လာသည်။ သူသည် နွယ်ကြိုးကို ဆွဲခိုလျက် သစ်ပင်ထိပ်ဖျားသို့တက်လာသည်။ ပိုက်ကွန်တွင် ငန်းငှက်များ မိနေသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သို့ရာတွင် ငန်းငှက်အားလုံး မလှုပ်မယှက် ရှိနေသည်ကို တွေ့မြင်သွားသည်။


"သင်တို့ တစ်ညလုံး ရုန်းကန်လှုပ်ရှားနေကြသဖြင့် သေဆုံးနေကြပါပကော" ဟူ၍ဆိုကာ မုဆိုးသည်ငှက်များကို တစ်ကောင်ပြီး တစ်ကောင် ပိုက်ကွန်မှ ထုတ်သည်။ ထုတ်ပြီးသမျှကို တစ်ကောင်ပြီး တစ်ကောင်မြေပေါ်သို့ ပစ်ချသည်။

ငှက်များသည် ပညာရှိငှက်အို ညွှန်ပြသည့်အတိုင်းပင် မြေပေါ်၌ မလှုပ်မယှက် ငြိမ်သက်စွာနေကြသည်။ ငှက်အားလုံးမြေပေါ်သို့ရောက်၍ သစ်ပင်ပေါ်မှ မုဆိုးဆင်းသည်နှင့် တစ်ပြိုင်နက် အားလုံးပင် ပျံပြေးကြလေသည်။

မုဆိုးသည် ငန်းငှက်တို့၏အပြုအမူကို အံ့သြစွာ ငေးမောကြည့်ရှုကျန်ရစ်သည်။ ပညာရှိကို ဆည်းကပ်သဖြင့် ငှက်အားလုံး ဘေးရန်မှ လွတ်မြောက်သွားကြလေပြီ။ **(ပဉ္စတန္တရမှ)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ကဗျာ

## မပိုင်သည့်ရောင်ခြည်

မိုးရွာပြီး၍
ထိန်ညီးရောင်ဝေ၊ စကြာနေသည်
ရွှေရည်ပြက်ခဲ့ ပြန်တကား။
ဝိတောက်ပင်၏
စိုလွင်ရွက်လှ၊ စိမ်းမြမြတည့်။
လေညင်းညှံ့၍
ရပ်တန့်ငြိမ်သက်၊ လှုပ်မရှက်သော်
ပြုံးပြက်ငွေခြည်၊ ဝေ့မသီတည့်။
လေပြည်ခတ်မှ
ဖျပ်ဖျပ်ယမ်းခါ၊ မြရွက်လွှာဝယ်
သက်လှာငွေမျှင်၊ လက်လက်ထင်သည်
အို- သင် ကိုယ်ပိုင် မဟုတ်တကား။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# ခက်ခဲသော ဆယ်ကျော်သက်များနှင့် ဆက်ဆံနည်းများ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

**၇။ ပြန်လည်ထူထောင်ရေး စကားဝိုင်းများနှင့် စာနာမှု**

ဆယ်ကျော်သက်များက သူတို့ကိုယ်သူတို့ ရင့်ကျက်ပြီ ထင်သော်လည်း ကလေးတစ်ဦးသာဖြစ်ကြောင်း မိဘများက သတိရဖို့ အရေးကြီးသည်။ ထိရောက်သော ပြန်လည်ထူထောင်ရေးစကားဝိုင်းသည် အဆင်မပြေသော ဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းပေးပြီး တစ်ဦးကိုတစ်ဦး လေးစားမှုကို ပြန်လည်ရရှိစေသည်။ ၎င်းသည် အခြားသူများအပေါ် ဆယ်ကျော်သက်တို့၏ ကိုယ်ပိုင် အပြုအမူဆိုင်ရာ သက်ရောက်မှုကို နားလည်စေရန် ကူညီပေးသည်။ ၎င်းသည် ဆယ်ကျော်သက်တို့အား ကိစ္စတစ်ခု အကြောင်း ပြောဆိုခြင်းနှင့် တန်ဖိုးထားခံစားခြင်းတို့ဖြင့် သူတို့၏ ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားမှုကို ပြန်လည်ရယူရန် အခွင့်အလမ်းကိုလည်းပေးသည်။

မိဘနှင့် ဆယ်ကျော်သက်များအကြား ထိရောက်သော ပြန်လည်တည်ဆောက်မှုစကားဝိုင်းတွင် အောက်ပါတစ်ခုခု ပါဝင်သည်။

- မင်းဘာလို့ ဒီလောက် စိတ်ဆိုးသွားတာလဲ။
- ဒါဟာ တကယ်ကြီးမားတဲ့ ကိစ္စကြီးလား။
- မင်းဘယ်လို လုပ်ခဲ့လဲဆိုတာ သဘောပေါက်လား။
- မင်းရဲ့အပြုအမူကြောင့် ဘယ်သူက ဘယ်လို ထိခိုက်ခဲ့သလဲ။
- ရှေ့ဆက်ဖို့ အပြုသဘောဆောင်တဲ့ နည်းလမ်းကို မင်းစဉ်းစားနိုင်သလား။
- ငါတို့ နောက်ဒီလို ထပ်မဖြစ်အောင် ဘယ်လို လုပ်မလဲ။
- အပြစ်တင်မယ့်အစား တာဝန်ယူမှုကိုသာ အာရုံစိုက်ပါ။
- ချက်ချင်း အပြစ်ပေးမယ့်အစား တွေ့ဆုံဆွေးနွေးမှုတစ်ခုပြုလုပ်ပါ။ အမှန်အမှား ဖြစ်သွားတာကို အရင်ဆုံးပြုပြင်ပါ။
- သင်ရဲ့ ဆယ်ကျော်သက်နဲ့ စကားပြောပါ။ ဘာတွေမှားနေသလဲသိအောင် ကြိုးစားပါ။ အပြစ်ပေးရုံနဲ့ မပြီးပါ။

**၈။ ဟာသဉာဏ် ရှိပါစေ။**

ဆယ်ကျော်သက်များ၏ မိဘ၊ ဆရာ၊ သူငယ်ချင်း၊ နည်းပြများတွင် ဟာသဉာဏ်ရှိရန် လိုသည်။ ကောင်းမွန်သော ဆယ်ကျော်သက် အပြုအမူစီမံခန့်ခွဲမှု ကျွမ်းကျင်မှုများရှိရန် လိုအပ်သည်။ ဟာသဉာဏ်ရှိခြင်းသည် မိဘများနှင့် ဆယ်ကျော်သက်များတွင် တစ်စုံတစ်ရာ အထောက်အကူပြုနိုင်သည်။

**၉။ အကျိုးဆက်များသည် လတ်တလောဆောင်ရွက်ရန် ဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိနှင့် ထိုက်သင့်လျော်ကန်မှုရှိရန် လိုသည်။**

ဆယ်ကျော်သက်များသည် သင်ဆိုလိုသည်ကို လျင်မြန်စွာ သိရန်လိုသည်။ သူတို့သည် လစ်လျှင်လစ်သလို အပြုသဘောမဆန်သောအပြုအမူကို ထပ်လုပ်တတ်သည်။ အကျိုးဆက်အား ရည်ရွယ်ချက်ရှိရှိနှင့် ထိုက်သင့်လျော်ကန်မှု ရှိစေရန် သေချာပါစေ။ ဆယ်ကျော်သက်များသည် သူတို့မိဘများကို မလေးစားမှုများ ရှိတတ်သည်။ စိုးရိမ်ပူပန်မှုနှင့်အတူ သူတို့၏ မိဘများကို ကြောက်စရာကောင်းသော အနေအထားဖြင့် ရှုမြင်တတ်သည်။

**၁၀။ ဆယ်ကျော်သက်က ဒေါသထွက်နေသောအချိန်မှာ အခြေအနေကို တည်ငြိမ်အောင် မကြိုးစားပါနှင့်။**

ဆယ်ကျော်သက် ဒေါသထွက်နေသော အချိန်တွင် ဆယ်ကျော်သက်ကို စိတ်အေးအေးထားရန် မိဘများက ကြိုးစားရမည်ဖြစ်သည်။ သူတို့ထံ မချဉ်းကပ်ခင် အခြေအနေတစ်ခုကို စဉ်းစားပြီး သူတို့ကို စိတ်ငြိမ်အောင် ကြိုးစားရမည်ဖြစ်သည်။ သူတို့သည် မည်သူ့ကိုမျှ သို့မဟုတ် မည်သည့်အရာကိုမျှ ခြိမ်းခြောက်ခြင်း မရှိပါက သူတို့အား အလိုအလျောက် ငြိမ်သက်စေမည့်နေရာနှင့် အချိန်အနည်းငယ် ပေးရမည်ဖြစ်သည်။

**၁၁။ ကိုယ်ဟန်အမူအရာနှင့် စကားပြောဆိုမှု နှစ်မျိုးလုံးတွင် အာဏာရှိသူ ဖြစ်ရမည်။**

မိဘများအနေဖြင့် ကိုယ်ဟန်အမူအရာသာမက စကားပြောဆိုမှုတွင်လည်း သြဇာအာဏာရှိသူ ဖြစ်ရမည်။

- ခေါင်းကို မြင့်မြင့်ထားပါ။
- သင်၏ လက်ရှိအခြေအနေကို အပြည့်အဝ အာရုံစိုက်ပါ။
- အားကောင်းပြီး မတုန်လှုပ်သော အသံ ရှိပါစေ။
- ချဉ်းကပ်ရန် လွယ်ကူစေသော အနေအထား ရှိပါစေ။
- ဆယ်ကျော်သက်၏ ကိုယ်ဟန်အမူအရာကို အတုခိုးပြီး ပိုမိုနားလည်မှုရှိပြီး ဆက်စပ်မှုရှိအောင် ကြိုးစားပါ။
- ဖြောင့်ဖြောင့်မတ်မတ် ရပ်လိုက်ပါ။
- သင်၏စကားသံကို တညီတညာဖြစ်ပါစေ။ စကားသံကို မြှင့်မပြောပါနှင့်။
- မျက်လုံးချင်းဆုံ၍ ပြောဆိုပါ။
- စိတ်တည်ငြိမ်ပြီး စာနာမှုရှိပါ။ သို့သော် လေးနက်မှုရှိပါစေ။
- သင်၏ သြဇာအာဏာကို ယုံကြည်မှုရှိပါ။
- ဆယ်ကျော်သက်အနေဖြင့် စက္ကန့်ပိုင်းအတွင်း နားလည်လိမ့်မည်ဖြစ်သောကြောင့် သင့်လုပ်ဆောင်ပြောဆိုမှုမသေချာဟု မထင်ပါနှင့်။

**[Ref: How to deal with difficult teenagers, Internet]**

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



ပြုံးစရာ

## လူပျင်းလေး

အဘွား - မင်းဟာ လူပျင်းပဲ၊ ငှက်ပျောသီးတောင် အခွံနွှာပေးမှ စားမယ်ဆိုတဲ့ လူစားမျိုး။

မြေး - ပါးစပ်ထဲကို ထည့်မပေးဘဲနဲ့ ကျွန်တော်က စားလိမ့်မယ်လို့ အဘွားထင်သလား။

## နှစ်ဘူးဝယ်ပေးတော့

ဖေဖေ - အတန်းထဲမှာ အဆင့်တစ်ရခဲ့ရင် သမီးကို ရောင်စုံခဲတံ တစ်ဘူး ဝယ်ပေးမယ်။

မိနီ - အဲဒါဆို နှစ်ဘူးဝယ်ပေးတော့ဖေဖေ၊ သမီးအဆင့်နှစ်ရခဲ့တယ်။

**မာတင်ဖဲ**

# စက်တင်ဘာ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉၅၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၁,၂၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၉၅၃)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၉၅၄,၆၀၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၃၁,၈၃၃)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၂၀၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၀,၄၇၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၉) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၅၃၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၉-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၉၄၄,၆၅၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၂၃၉,၇၆၄) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၁,၇၀၄,၈၉၀) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၁-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၈,၁၈၄,၄၁၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၉၃)ခု | (၉၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၉)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၆)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၇)ခု | (၅)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆၁)ခု | (၂၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၃)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၀)ခု | (၂၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၃၂၁)ခု | (၁,၅၇၅)ဦး |
| **စုစုပေါင်း** | **(၂၁,၂၃၀)ခု** | **(၁,၉၅၃)ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၁-၉-၂၀၂၁)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၁,၇၀၄,၈၉၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၂၃၉,၇၆၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၄,၉၄၄,၆၅၄) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၈,၁၈၄,၄၁၈) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၈၁၆၆၆၈ | ၃၁၈၅၇၈၇၇ | ၆၇၇၇၃၇ |
| ၂။ | အိန္ဒိယ | ၃၃၂၃၆၉၂၁ | ၃၂၄၀၉၃၄၅ | ၄၄၂၆၈၈ |
| ၃။ | ဘရာဇီး | ၂၀၉၈၉၁၆၄ | ၂၀၀၂၉၀၄၀ | ၅၈၆၅၉၀ |
| ၄။ | ဗြိတိန် | ၇၁၉၇၆၆၂ | ၅၇၆၇၇၆၁ | ၁၃၄၁၄၄ |
| ၅။ | ရုရှား | ၇၁၄၀၀၇၀ | ၆၃၈၉၆၅၇ | ၁၉၂၇၄၉ |
| ၆။ | ပြင်သစ် | ၆၈၉၇၃၉၂ | ၆၅၀၄၁၂၃ | ၁၁၅၄၈၈ |
| ၇။ | တူရကီ | ၆၆၃၆၈၉၉ | ၆၁၂၁၀၄၆ | ၅၉၆၄၃ |
| ၈။ | အီရန် | ၅၂၉၅၇၈၆ | ၄၅၆၈၂၃၆ | ၁၁၄၃၁၁ |
| ၉။ | အာဂျင်တီးနား | ၅၂၂၃၆၀၄ | ၅၀၇၁၇၉၃ | ၁၁၃၃၅၆ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၈၅၇၈ | ၄၇၆၅၉၇၅ | ၁၂၅၅၉၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၆၇၅၁၁ | ၃၉၁၈၇၅၃ | ၁၃၈၈၈၉ |
| ၂။ | ဖိလစ်ပိုင် | ၂၂၂၇၃၆၇ | ၂၀၁၀၂၇၁ | ၃၅၁၄၅ |
| ၃။ | မလေးရှား | ၁၉၆၀၅၀၀ | ၁၇၀၀၇၃၀ | ၂၀၄၁၉ |
| ၄။ | ထိုင်း | ၁၃၈၂၁၇၃ | ၁၂၃၁၈၅၄ | ၁၄၃၅၃ |
| ၅။ | ဗီယက်နမ် | ၆၀၁၃၄၉ | ၃၆၃၄၆၂ | ၁၅၀၁၈ |
| ၆။ | မြန်မာ | ၄၃၁၈၃၃ | ၃၈၀၄၇၄ | ၁၆၅၃၀ |
| ၇။ | ကမ္ဘောဒီးယား | ၉၉၅၀၄ | ၉၃၉၀၄ | ၂၀၄၀ |
| ၈။ | စင်ကာပူ | ၇၁၁၆၇ | ၆၇၉၈၈ | ၅၈ |
| ၉။ | လာအို | ၁၇၃၅၇ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၄၁၆၃ | ၂၆၄၇ | ၂၁ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ခင်ခင်ကြီးသည် ရောနှောကျပ်ညပ်နေသော လူအုပ်အကြားတွင်ရှိသည်။ အဘယ်မျှ ရှောင်တိမ်းလိုသည်ပင်ဖြစ်စေ ရှောင်၍မရ၊ တိမ်း၍မရ။ လူတို့၏ အတိုးအဝှေ့ကိုခံရသည်ပင်။ လူနံ့ သူနံ့နှင့် ဖုန်ခိုးများကို ရောနှောရှူရှိုက်ရသဖြင့် ခေါင်းထဲမှာ နောက်ကျိလာသည်။ မူးဝေလာသည်။ ငြီးစီစီဖြစ်နေသည်။ လူအတိုးအဝှေ့ခံရခြင်းကို စိတ်မရှည်နိုင်အောင်ရှိရသည်။ အသံဗလံတို့ကြောင့် နားမှာလည်း ဆူဝေနေရသည့်နှယ်ရှိ . . .**

**၁၀-၉-၂၀၂၁ ရက်နေ့မှအဆက်**

"ကျုပ်တို့ကတော့ ကြောက်ရတယ်တော်ရေ့။ ညည်းဘာသာ မကြောက်ချင်နေ။ ကြောက်ချင်ကြောက်။ ဒါပေမဲ့ ညည်းကိုညည်း မိန်းကလေးတစ်ယောက် ဖြစ်နေတယ်ဆိုတာလည်း သတိထားဦးမှပေါ့။ အနေအထိုင်ဆိုတာ ဆင်ခြင်မှပေါ့"

"ခင်ကြီးက ဘယ်လိုနေလို့လဲ၊ ဒီထက် ဆင်ခြင်ရဦးမှာလား"

"အမလေး၊ ဖအေထိုင်တဲ့ ကုလားထိုင်မှာ ထင်သလို ထိုင်နေတာကိုများ ဆင်ခြင်သတဲ့၊ မဆင်ခြင်ဘဲသာ ထိုင်မယ်ဆိုရင်တော့ မိခင်ကြီးတို့ ဘုရားစင်ပေါ်များ တက်နေမလား မသိဘူး"

ခင်ခင်ကြီးသည် အစားကို လက်စသတ်လိုက်သည်။ ပန်းကန်ကို ဆောင့်ချလိုက်သည်။ ဆောင့်ဆောင့်အောင့်အောင့် ပြောသည်။

"ဟော့ဒီအိမ်မှာ ဘာတစ်ခုမှ မလွတ်လပ်ဘူး"

"ဘာ"

ခင်ခင်ကြီး၏စကားကို ဘွားဘွား နားမလည်သလို ပြန်မေးသည်။

"အိပ်ရတဲ့နေရာလည်း မလွတ်လပ်၊ ထိုင်ရတဲ့နေရာလည်း မလွတ်လပ်နဲ့ ဘာတစ်ခုမှ မလွတ်လပ်ဘူး"

"မလွတ်လပ်ရအောင် ညည်းကို ဘယ်လိုများ ချုပ်ချယ်ထားလို့လဲ ခင်ခင်ကြီး"

"ဒီထက် ချုပ်ချယ်ရဦးမလား ဘွားဘွားရဲ့"

"တော်စမ်းပါအေ၊ ဒီလောက်ချုပ်ချယ်တာတောင်မှ တော်ကာမကျဘူး။ မချုပ်ချယ်ဘဲ လွှတ်များပေးလိုက်ရရင် မိခင်ကြီးတို့ မိုးတောင်တက်ပြီး မီးရှို့ဦးမယ်"

"နေစမ်းပါဦး ဘွားဘွားရယ်၊ ခင်ကြီးအနေနဲ့ ဘာတွေများ စည်းမဲ့ကမ်းမဲ့လုပ်ဖူးတာရှိလို့လဲ"

"ဒီထက် စည်းကမ်းရှိဦးမှာလား၊ ခင်ခင်ကြီး။ ကိုယ်နဲ့ တော်၏သင့်၏ မစဉ်းစားဘဲ ထိုင်ချင်တဲ့နေရာ ထိုင်နေတဲ့ ဥစ္စာ"

"ဖေဖေ မရှိတုန်း ထိုင်တာပဲ"

"ရှိရှိ၊ မရှိရှိ။ ကိုယ့်နေရာ ကိုယ်ထိုင်ပေါ့ "

"တော်ပြီ၊ ဘွားဘွားကို ခင်ကြီးအရှုံးပေးပြီပဲထားပါတော့။ ဘွားဘွားရဲ့ စကားတွေကြားရတာ နားငြီးတယ်။ ဆက်မပြောချင်တော့ဘူး"

"မပြောပါနဲ့ ဘုရားအမ။ ကျုပ်မလည်း လေကုန်တောင်သက်သာသေး။ တကတဲ သူကပဲ နားငြီးရတယ်ရှိသေး။ ဒီမယ် ခင်ခင်ကြီး ညည်းဟာ ခင်မောင်ညွှန့်တစ်ဝက်တောင် မလိမ္မာဘူး။ ခင်မောင်ညွှန့်တစ်ဝက်သာ လိမ္မာစမ်း၊ ညည်းကို ခေါင်းပေါ်တောင် တင်ထားရဲ့"

သည်စကားကို ကြားရလျှင် ခင်ခင်ကြီး ပြုံးသည်။

"ခင်ကြီးမလိမ္မာတာ ဘာဖြစ်လို့လဲသိလား ဘွားဘွား"

"ဘာရယ်"

"ဩော် ခင်ကြီးမလိမ္မာတာ ဘွားဘွား သိသလားလို့"

"ဆိုပါဦး"

"ဘွားဘွားက ခင်ကြီးသာလိမ္မာရင် ခေါင်းပေါ်တင်ထားမယ်လို့ ပြောတယ်မဟုတ်လား။ ခေါင်းပေါ်တင်ထားရင် ခင်ကြီး ငရဲကြီးမှာပေါ့ ဘွားဘွားရဲ့ ။ ငရဲကြီးမှာ ကြောက်နေလို့ ခင်ကြီး မိုက်နေတာသိလား"

ဘွားဘွားဘာလုပ်မည်ကို ကြိုသိနေသော ခင်ခင်ကြီးသည် ပြောရင်း ထိုင်ရာမှ ထသည်။ သူမထင်သည့်အတိုင်း ဘွားဘွားက ခေါင်းခေါက်ရန် လက်ရွယ်လျက် သူမဘက်သို့ လာနေကြောင်း တွေ့ရသည်။ ခင်ခင်ကြီးသည် ရယ်ရင်း မောရင်းမှပင် စားပွဲကို ပတ်ပြေးသည်။ ထိုမှနေကာ အိမ်ပေါ်ထပ်အတိုင်း ပြေးတက်သွားသည်။

ပါးစပ်မှလည်း "ဘွားဘွားရေ၊ စိန်" ဟု အော်ဟစ်သွားချေသေးတော့သည်။

x x x x x

[၂]

အညာဆန်သည် ခပ်လှမ်းလှမ်းမှနေကာ မြို့ကို နှုတ်ဆက် ဥဩသံ ပြုလိုက်လေသည်။

ဥဩသံ ကြားရလေကတည်းက ညောင်လှဆိပ်ကမ်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ သည်ကနေ့ဆိပ်ကမ်းမှာ အခါတိုင်းနေ့များထက် လူသူများပြားသည်ဟု ထင်ရသည်။ အရှုပ်ရှုပ် အထွေးထွေး အကျပ်ကျပ် အညပ်ညပ် ဖြစ်နေသည်။ ဈေးသည်များ၏ အသံ၊ လူချင်းချင်းခေါ်သံ၊ လှည်းဘီးဝင်ရိုးကျိုတ်သံ၊ နွားငေါက်သံ စသည်များဖြင့်လည်း အသံဗလံတို့ ဆူဆူညံညံနိုင်လှသည်။

နေမြင့်တက်လာသည်နှင့်အမျှ အပူရှိန်သည် သိသိသာသာ ပြင်းထန်လာသည်။ နေအရောင်အောက်တွင် ဖုန်ခိုးဖုန်ငွေ့တို့ ထနေသည်။ ထိုအောက်တွင် လူအချင်းချင်း ကျပ်ညပ်တိုးဝှေ့နေပုံကို မြင်ရသည်မှာ စိတ်ပျက်ဖွယ်ကောင်း ပါဘိတော့သည်။

ခင်ခင်ကြီးသည် ရောနှောကျပ်ညပ်နေသော လူအုပ်အကြားတွင် ရှိသည်။ အဘယ်မျှ ရှောင်တိမ်းလိုသည်ပင် ဖြစ်စေ ရှောင်၍မရ၊ တိမ်း၍မရ။ လူတို့၏ အတိုးအဝှေ့ကို ခံရသည်ပင်။ လူနံ့ သူနံ့နှင့် ဖုန်ခိုးများကို ရောနှောရှူရှိုက်ရသဖြင့် ခေါင်းထဲမှာ နောက်ကျိလာသည်။ မူးဝေလာသည်။ ငြီးစီစီ ဖြစ်နေသည်။ လူအတိုး အဝှေ့ခံရခြင်းကို စိတ်မရှည်နိုင်အောင် ရှိရသည်။ အသံဗလံတို့ကြောင့် နားမှာလည်း ဆူဝေနေရသည့်နှယ် ရှိပါသည်။

ကိုယ်ပေါ်မှ အဝတ်အဆင်များမှာ သစ်လွင်လွန်းလှသည်။ တောက်ပလွန်းလှသည်။ သို့ဖြစ်၍လည်း စိတ်မှာ အလိုလိုနေရင်း ကျဉ်းကျပ်သည်။

အတွင်းခံအင်္ကျီက ရင်ကို တင်းကျပ်လွန်းလေသလား မပြောတတ်။ ဝတ်နေမကျ၍လည်း လှောင်အိုက်ကာ ချွေးစေးများ ပြန်နေသည်။ ပေါင်းချောင်တစ်ခုအတွင်း ဝင်နေရသလို စိတ်မှာ ခံစားရသည်။

မဆင်စဖူး သည်ကနေ့မှာမှ မေမေက စိန်နားပန်ဆင်သည်။ စိန်ဘယက်ဆွဲစေသည်။ လက်ကောက်တွေကလည်း တံတောင်ဆစ်နီးပါး။ ခြေချင်းသည် ခြေချင်းဝတ်၏အရေကို စူးရှနေသည်။ ခြေချင်းကြောင့် ခြေထောက်များ လေးလံနေ သည်။ ယင်းသို့သော ဘယက်တန်ဆာ ဒွါဒရာများအတွက် စိတ်မှာ အနှောင့်အယှက်ဖြစ်ရသည် အမှန်ပင်။

လူအများက မိမိတို့လူသိုက်အား အထူးအဆန်းသဖွယ် စူးစိုက်ကြည့်ရှုသွားတတ်ကြသည်။ ကလေးအချို့ဆိုလျှင် ရှေ့တည့်တည့်မှပင် ကြာမြင့်စွာ စူးစိုက်ကြည့်နေတတ်ကြသည်။ အချင်းချင်းလက်တို့ကာ တီးတိုးစကား ဆိုကြသည်။

ရဲရဲစူးစူးနိုင်လှသော ယောကျ်ားအချို့၏ အကြည့်ကို ခင်ခင်ကြီး ခံယူနိုင်စွမ်းမရှိ။ မတော်တဆ အကြည့်ချင်းဆုံရပါက ကမန်းကတန်း မျက်လွှာချပစ်မိသည်။ သူနှင့် ရွယ်တူတန်းတူဖြစ်သည့် ယောကျ်ားကလေးအချို့မှာ အကြည့်ချင်း တမင်ဆုံမိအောင် ကြိုးစားလျက်ရှိကြကြောင်း တွေ့ရသည်။

ခင်ခင်ကြီးသည် မိမိတစ်ကိုယ်တည်းအတွက် သာမက၊ ဖေဖေ မေမေတို့၏ အဆင်အယင်အတွက်လည်း စိတ်မှာ စနိုးစနောင့် ရှိနေရသည်။ ဖေဖေ့ခေါင်းပေါင်းစသည် အခါတိုင်း ထက်ပိုမိုရှည်လျားနေသလား၊ မေမေ့နားမှ စိန်နားကပ်သည် မျက်စိကို ကျိန်းစပ်ခမန်း အရောင်ထွက်နေသလား စသည်ဖြင့် တွေးမိသည်။

စင်စစ် ခင်ခင်ကြီးအဖို့ သည်ကနေ့သည် ဘဝတစ်သက်တာ၌ အထူးခြားဆုံးနေ့ပင် ဖြစ်သည်။

သည်ကနေ့မှစ၍ မေမေသည် ရင်သားပုံစံပါသော အတွင်းခံအင်္ကျီကို ဝတ်စေခဲ့သည်။ အခါတိုင်းက ဆိုလျှင်မူ ရင်မီးအင်္ကျီလောက်နှင့် ပြီးရသည်။ ပုံစံတွေ ဘာတွေမပါ။ လှိုင်းတွန့်တွေ ဘာတွေမကပ်။ သည်ကနေ့တွင်မှပင် ခင်ခင်ကြီးသည် အဖိုးတန် လက်ဝတ်ရတနာများကို ဝတ်ဆင်ခွင့်ရသည်။ ယခင်ကဆိုလျှင် အလှူအတန်းနှင့် ပွဲလမ်းသဘင်များတွင်ပင် စိန်ကို ဝတ်ခွင့်မပေးခဲ့။ နီလာတစ်စုံလောက်နှင့်ပင် ပြီးရသည်။

ကိုကို့အား ကြိုဆိုဖို့အတွက် တလှံ့တလ ပြင်ဆင်ဝတ်စားနေရခြင်းကို ခင်ခင်ကြီး နားမလည်။ သည်မျှအလှအပတွေ ခြယ်မှုန်းနေရခြင်းမှာ အလှူအတန်းတစ်ခုခုသို့ သွားဖို့မဟုတ်ဘဲ ညောင်လှသင်္ဘောဆိပ်သို့ ဆင်းဖို့သက်သက်သာဖြစ်သည်ဆိုတော့လည်း အံ့အားသင့်မိသည်။ ကိုကို့အားကြိုဆိုရန် သည်အရာတွေ လိုလေသလားဟု သံသယဝင်သည်။ သင်္ဘောဆိပ်သို့မဆင်းမီလည်း မေမေက တတွတ်တွတ်မှာသေးသည်။

"ဟိုရောက်ရင် ဣန္ဒြေနဲ့နေနော် ခင်ခင်ကြီး၊ သိပ်ပြီး မကလက်စေနဲ့။ ယုတ်စွအဆုံး ကိုယ့်ကိုကိုနဲ့ စကားပြောတဲ့နေရာမှာတောင် သိက္ခာရှိပေစေ၊ ကြားလား"

သည်သို့ စည်းကမ်းချက် ထုတ်ပြန်ရလောက်သည်အထိ ကိုကို့အားကြိုဆိုရေးကိစ္စမှာအရေးကြီးနေသည်။

မေမေကိုယ်တိုင်လည်း အဝတ်အစားနှင့် လက်ဝတ်ရတနာတွေ ညွတ်နေအောင် ဆင်သည်။ တစ်ကိုယ်လုံး စိန်၊ ရွှေ၊ ပတ္တမြားတို့ဖြင့် ဖိတ်ဖိတ်တောက်နေသည် ထင်ရ၏။ ဖေဖေ့ကိုပင် ကြည့်လေဦး။ နံ့သာရောင် ခေါင်းပေါင်း၊ အနက်ရောင် အယ်လ်ပတ်ကား တိုက်ပုံ၊ ဘန်ကောက်လုံချည် ရွှေဖလားရောင် စသည်တို့ဖြင့် အခါတိုင်းက မမြင်တွေ့ဖူးသော အဝတ်အဆင်များကို ဝတ်ဆင်ထားသည်။

ညောင်လှသင်္ဘောဆိပ်သို့လာရာတွင် အော်စတင်ကားအနက်ကို အသုံးပြုသည်။ ကားအထဲတွင် ကော်စောတွေ ဘာတွေပင် ခင်းထားချေသေးသည်။

ယင်းသို့လျှင် အစစ ထူးခြားစွာ ပြင်ဆင်မွမ်းမံလျက် ကိုကို့အား အကြိုထောက်လာခဲ့ကြခြင်းဖြစ်သည်။ ကိုကိုသည် ထိုမျှအထိ အရေးပါ အရာရောက်သူဖြစ်နေလိမ့်မည်ဟု အစက ခင်ခင်ကြီး မထင်ခဲ့။

သင်္ဘောဆိုက်ကပ်မည့် အချိန်ထက်စော၍ ရောက်သည်လည်းဖြစ်၊ သင်္ဘောကလည်း နာရီဝက်မျှ နောက်ကျခဲ့သည်လည်းဖြစ်သည်။ ထို့ကြောင့်ပင် လူသူကျပ်ညပ်နေသည့် သင်္ဘောဆိပ်တွင် ဝဋ်ဒုက္ခခံစားရဘိသည်သို့ ရှိခဲ့ရသည်။ နေပူကျဲကျဲမှာ ပေါင်းအိုးထဲဝင်ရသည်သို့ ရှိခဲ့ရသည်။

သင်္ဘော ခပ်လှမ်းလှမ်းတွင် ရေးရေးမျှပေါ်လာပြီး ဥဩသံပြုလိုက်လေမှပင် စိတ်အစဉ်မှာ ဖျတ်လတ်လာရသည်။ တက်ကြွလာရသည်။

သင်္ဘောဆိပ်ခံ ဖော်ယာသို့ ဆိုက်ကပ်သည်အထိ စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေရစဉ်အတွင်း ခင်ခင်ကြီး သတိပြုမိသော အရာတစ်ခုရှိသည်။

၎င်းမှာ မိမိတို့နှင့် များစွာမကွာလှမ်းလှသည့် နေရာရှိ လင်မယားတစ်စုံတွဲကို အကဲခတ်လာမိခြင်း ဖြစ်ပါသည်။

ယောကျ်ားဖြစ်သူမှာ ဖေဖေနှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်း ရှိပုံရသည်။ မိန်းမဖြစ်သူကလည်း မေမေနှင့် မတိမ်းမယိမ်းပင်။ ဖေဖေနှင့် မေမေတို့ကဲ့သို့ အတွဲညီသော စုံတွဲတစ်တွဲကို မြင်ရသဖြင့် ယင်းစုံတွဲအပေါ် ခင်ခင်ကြီး သတိထားကြည့်မိခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်လဲသက်တမ်းတိုးဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာခြင်း

➢ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၁-၁၂-၂၀၂၀) ရက်နေ့မှစ၍ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ (၂၂-၃-၂၀၂၁) ရက်နေ့မှစ၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

➢ ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပေးခဲ့ပါသည်။

➢ ယခုအခါ အများပြည်သူရုံးပိတ်ရက်များ ကုန်ဆုံးခဲ့ပြီးဖြစ်သည့်အတွက် ဌာန၏ ကနဦးနှင့် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင် လုပ်ငန်းများကို (၁၃-၉-၂၀၂၁) ရက်နေ့မှစ၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ပေးရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးကို ဝန်ဆောင်မှု ရပ်ဆိုင်းထားသည့် (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ (၅၆) ရက်ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် (၃၀-၁၁-၂၀၂၁) ရက်နေ့ နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်ပါသည်။

➢ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက် လာရောက်ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) (၁၂/၂၀၂၀)လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူ အလုပ်ပိတ်ရက်သတ်မှတ်ကာလအတွင်း (၇/၂၀၂၁) လ မှတ်ပုံတင်ကုန်ဆုံးသည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) (၂/၂၀၂၁)လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူ အလုပ်ပိတ်ရက်သတ်မှတ်ကာလအတွင်း (၈/၂၀၂၁ လ) မှတ်ပုံတင်ကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀-၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း ပါဝင်သော (၉/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) မှ (၃၁-၁၂-၂၀၂၁) ရက်နေ့အတွင်း။

➢ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူ သယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို (၃၁-၁၂-၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

➢ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့် ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလ ကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

(က) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက်သတ်မှတ်ကာလအတွင်းပါဝင်သော ၇/၂၀၂၁ လတွင် (၅)နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၇-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက်သတ်မှတ်ကာလအတွင်းပါဝင်သော (၈/၂၀၂၁) လတွင် (၅)နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၈-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀- ၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) (၉/၂၀၂၁)လတွင် (၅)နှစ်ကျော်နှစ်ပြတ်မည့် သက်တမ်းကုန်ဆုံးရက် (၃၀-၉-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁)ရက်နေ့မှ (၃၁- ၁၂-၂၀၂၁) ရက်နေ့အတွင်း၊

➢ (၃၁-၁၀-၂၀၁၆)ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ယာဉ်များသည် သတ်မှတ်သက်တမ်း ကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

■

## တောင်ကြီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ (အခမဲ့)စစ်ဆေးပေး

**တောင်ကြီး စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊ ကျောင်းသားများအား (RTD) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရခြင်း ရှိ/မရှိ စစ်ဆေးပေးခြင်း ဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သွားရောက်စစ်ဆေးပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးပေးရာတွင် နမ့်ဆီးအုပ်စု ကံ့ကော်ဘုန်းတော်ကြီးကျောင်းမှ သံဃာအပါး ၂၀၊ ကျောင်းသား သုံးဦးတို့အားလည်းကောင်း၊ လွယ်တော်အုပ်စု ထီလိတ်ဘုန်းတော်ကြီးကျောင်းမှ သံဃာ ၇၇ ပါး၊ ကျောင်းသား ငါးဦး စုစုပေါင်း သံဃာ ၉၇ ပါးနှင့် ကျောင်းသား ရှစ်ဦးတို့အား (RTD) Test Kit ဖြင့် စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံရသည့် သံဃာတော်နှင့် ကျောင်းသားများ မရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသားများအား (RTD) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရခြင်းရှိ/မရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း ကျန်ရှိနေသည့် ဘုန်းတော်ကြီးကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**အေးအေးစိုး(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများတွင် ပန်းခင်းစီမံချက်ကွင်းဆင်းဆောင်ရွက်ပေး



**အုတ်တွင်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းမြင့်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက အမှတ်(၃၀၃၁) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များဖြစ်သော တတက(၆)၊ လကတ(၃၀၃၁)၊ အမတ(၂၀၄)၊ မစခ(၈၀၈)စသည့် တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ၁၁၇ ဦးရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စုများမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးသူ ၆၂၁ ဦးရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ပန်းခင်းစီမံချက်ကာလသတ်မှတ်ချက်မှာ ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အုတ်တွင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရမည့် လူဦးရေလျာထားချက်မှာ ၅၆၉၁ ဦးရှိပါကြောင်း၊ ပြုလုပ်ရန်ကျန်ရှိသော ရပ်ကွက်/ကျေးရွာများမှ အသက်(၁၈)နှစ်ပြည့်ပြီးသူများကို လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

သည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၂-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats(Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




## ချောင်းဆုံမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်အိုးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါခံတက်ခဲ့အတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါခံတက်ခဲ့အတည်ပြု ပိုးတွေ့လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းလှူဒါန်းသည့် အောက်ဆီဂျင်အိုး ၁၀ လုံး၊ အောက်ဆီဂျင် Regulator ၁၀ ခုနှင့် စားသောက်ဖွယ်ရာများအား တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ဗြိတိန်တင်းနစ်မယ်မှ**

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ရယူဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အသက် ၁၈ နှစ်အရွယ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူက အသက် ၁၉ နှစ်အရွယ် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်ကို ၆-၄၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အမ်မာရာဒူကာနူဟာ ဂရန်းဆလမ်းဆုဖလားကို ရရှိခဲ့တဲ့ ဗြိတိန်ရဲ့ အသက်အငယ်ဆုံးတင်းနစ်မယ် ဖြစ်လာခဲ့တဲ့အပြင် ၂၀၀၄ ခုနှစ်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ချန်ပီယံဖြစ်ခဲ့ပြီးနောက်ပိုင်း အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကိုရရှိခဲ့တဲ့ အမျိုးသမီးတင်းနစ်လောကမှာ အသက်အငယ်ဆုံးတင်းနစ်မယ်လည်းဖြစ်လာခဲ့ပါတယ်။ ဒါ့ပြင် အမ်မာရာဒူကာနူဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် ၂၃ နေရာသို့ တက်လှမ်းခွင့်ရရှိခဲ့ပြီး ဗြိတိန်ရဲ့ နံပါတ်တစ် တင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။

**ငွေကြယ်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ယင်းမာပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**ယင်းမာပင် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာဒါနမာန်ခန်းမ၌ ယမန်နေ့က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ အပါအဝင် ဦးတည်အုပ်စုများအလိုက် သတ်မှတ်ထားရှိသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ဒုတိယအကြိမ်အဖြစ် လူဦးရေ ၁၀၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။




**ထိုးနှံပေး**

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထိုးနှံပေးရာတွင် အသက် ၆၅ နှစ်နှင့်အထက် ရှိသူများ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရဟန်း/သံဃာ/ သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ယာဉ်မောင်း/ယာဉ်နောက်လိုက်များ၊ ဈေးရောင်း/ဈေးဝယ်များ စသည့် ဦးတည်အုပ်စုများအလိုက် သတ်မှတ်ထားရှိသူများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်သည်။

**၃၂၇၅ ဦး ထိုးနှံပေးခဲ့**

ယင်းမာပင်မြို့နယ်၌ ဩဂုတ်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်အဖြစ် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ အပါအဝင် ဦးတည်အုပ်စုများအလိုက် သတ်မှတ်ထားရှိသူ ၆၇၀၀ အား ထိုးနှံပေးခဲ့ပြီး ၎င်းတို့အား စက်တင်ဘာ ၄ ရက်မှ စတင်၍ ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၃၂၇၅ ဦးကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဌေး(သရက်)**

# တီကျစ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀၅၈ ဦး ထိုးနှံပြီး

**နောင်တရား စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု အလက (ဆည်ခေါင်း)ကျောင်း၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၀၅၈ ဦး ထိုးနှံပြီးဖြစ်သည်။



**ဆက်လက်ထိုးနှံပေးသွားမည်**

သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများကို ပထမအကြိမ်၌ ဦးစားပေးအဆင့်ဖြင့် ထိုးနှံပေးလျက်ရှိပြီး လူဦးရေ ၁၂၀၀ ခန့် ထိုးနှံပေးနိုင်ခဲ့သည်။ စက်တင်ဘာ ၇၊ ၁၀၊ ၁၁ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးလျက်ရှိသည်။ ယနေ့အထိ ၁၀၅၈ ဦးကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပြီး ၁၄၂ ဦး ကျန်ရှိနေသေးသည်။ ကျန်ရှိနေသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူများကို ရာနှုန်းပြည့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်တရား(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၃၄၃၃ ဦးရှိပြီဖြစ်

**ဟိုပုံး စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ဆေးထိုးစုရပ်ခြောက်နေရာခွဲ၍ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ဒုတိယအကြိမ်ထိုးနှံပေးခဲ့**

မြို့နယ် ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဆေးထိုးစုရပ်များရှိ တိုက်နယ်ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၁၂၃၇ ဦး၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်း ၄၃ ဦး၊ စေတနာ့ဝန်ထမ်း/ ပရဟိတ ၂၃၇ ဦး၊ ဘုန်းကြီး/သီလရှင်/ဘာသာရေးကျောင်းမှ ၂၁၈ ဦး၊ နိုင်ငံ့ဝန်ထမ်း ၃၉၂ ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစုဝင် ၁၂၀၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်း ရှစ်ဦး၊ ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံဝန်ထမ်း ၁၀၁ ဦး၊ ဟိုတယ်/မိုတယ်/တည်းခိုခန်း ခုနစ်ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းမှ လူဦးရေ ၁၀၀၊ စူပါမားကတ်/ဈေးသည် ၉၇၀ တို့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**စုစုပေါင်း ၃၄၃၃ ဦးရှိပြီ**

ဟိုပုံးမြို့နယ်၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံပေးခဲ့သည့် ပြည်သူ ၃၇၀၂ ဦးတို့အား ဩဂုတ်၂၇ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၊ ဟိုပုံးပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၊ မိုင်းပျဉ်းတိုက်နယ်ဆေးရုံ၊ ကျောက်တန်းတိုက်နယ်ဆေးရုံ၊ နမ့်ခုတ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် စံဖူးကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်စုရပ်များတွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးခဲ့ရာ စုစုပေါင်း ၃၄၃၃ ဦးရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ဟိုပုံးခရိုင်(ပြန်/ဆက်)**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး




**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ် အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်ထိ ၁၅၆၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင် (ပုဂံရုံးခွဲ) ထံမှ သိရသည်။

ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ဟိုတယ်/တည်းခိုရိပ်သာများမှ ဝန်ထမ်း ၁၅၆၅ ဦးအား ဆေးထိုးနှံပေးပြီးဖြစ်ရာ ကျန်ရှိသည့် ဟိုတယ်ဝန်ထမ်းများကိုလည်း ဆက်လက်ထိုးနှံပေးနိုင်ရေးဆောင်ရွက်နေကြောင်း ညောင်ဦးမြို့နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ရှင်းပြသည်။

**ကိုထိန်(KPD)**

---

**ဖလမ်း**

ချင်းပြည်နယ် ဖလမ်းမြို့၌ အသက် ၆၅ နှစ်အထက်နှင့် အုပ်စု(၁၂)စုအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း ချယ်ရီခန်းမဆောင်၌ ပြုလုပ်သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား ကာကွယ်ဆေးမထိုးနှံပေးမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ဆေးထိုးမှတ်တမ်းများ ရေးသွင်းခြင်းများပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမျိုးသား ၂၃၀၊ အမျိုးသမီး ၂၃၅ ဦးတို့အား ထိုးနှံပေးခဲ့ကြသည်။

**ကိုရှိန်း(ဇလပ်မြေ)**

---

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အနော်ရထာခန်းမတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှကြီးကြပ်ပြီး ချောင်းဦးမြို့နယ်ဆေးရုံ ဆရာဝန်နှင့် သူနာပြုများ လာရောက်ထိုးနှံပေးခဲ့သည်။ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၁၀ အား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**




---

**မိုင်းယန်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသည်။

မိုင်းယန်းမြို့နယ်တွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလာရောက်ထိုးနှံသူ ၁၇၈၉ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ပြန်/ဆက်)**




## ပြည်သူ့အတွက် ပန်းခင်း စီမံချက်

- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

## ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရန် စိစစ်အတည်ပြုပေးမည့် (၅) ဦးကော်မတီ (ပန်းခင်းစီမံချက်)

(၁) မြို့နယ်ဦးစီးမှူး (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)
(၂) မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး
(၃) မြို့နယ်ရဲတပ်ဖွဲ့ ကိုယ်စားလှယ် (၁) ဦး
(၄) မြို့နယ်ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး
(၅) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## မတည်ငွေရင်း လျှော့ချကြောင်းကြေညာခြင်း

NANTIAN SOURCES MYANMAR CO.,LTD ၏ (၂၈-၈-၂၀၂၁) ရက်တွင် ပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေရင်းတန်ဖိုးအား ယခင် **USD** (၂၅၀၀,၀၀၀) မှ ယခု **USD** (၂၅၀,၀၀၀) သို့လျှော့ချပြင်ဆင်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**NANTIAN SOURCES MYANMAR CO.,LTD ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ မြေကွက်အမှတ်(၄၄၀)၊(၄၀×၆၀)ပေ၊ (၀. ၀၅၅)ဧက၊(၂၄၀၀) စတုရန်းပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ယမင်းဝင်း(၇/ဝခန(နိုင်)၀၀၁၃၂) မှ ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြုပြီး နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းဗိုလ် (၁၂/ဥတတ (နိုင်)၀၀၆၅၉၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍ စရံပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးအောင်ကိုကို LL.B**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၄၄၅၀၅၆၃၆၊ ၀၉ ၇၆၆၈၅၄၈၄၀၊

## တရားဝင်ဇနီးမယားနှင့်သားအရင်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၄/၄၇၆)၊ (၈)ထပ်နေ မိုဟာမက်အိုဝစ်(ခ) ဦးကျော်နိုင်ဦး [၁၂/ပဘတ(နိုင်)၀၃၃၅၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မိုဟာမက်အိုဝစ်(ခ) ဦးကျော်နိုင်ဦးသည် ၎င်း၏ဇနီးဖြစ်သူ ဟာလာဘီ(ခ) မရည်မွန်ငြိမ်း [၁၂/မဂတ(နိုင်)၁၀၀၂၄၆](ဘ) ဦးတင်အေး၏ သမီးဖြစ်သူနှင့်(၃-၂-၂၀၁၇)ရက်နေ့တွင် အစ္စလာမ်တရားတော်နှင့်အညီ နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်၌ နေကာရှာဒီထိမ်းမြားလက်ထပ်၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာသားဖြစ်သူ မိုဟာမက်အိုနိုက်(စ်) (ခ) မောင်ဘုန်းမြတ်ကျော်ကို မွေးဖွားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏ဇနီးဖြစ်သူ ဟာလာဘီ(ခ) မရည်မွန်ငြိမ်း၊ သားဖြစ်သူ မိုဟာမက်အိုနိုက်(စ်)(ခ) မောင်ဘုန်းမြတ်ကျော်တို့သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၆)လမ်း၊ အမှတ်(၁၀)ပထမထပ်နေအိမ်တွင် အတူတကွနေထိုင်စဉ်အတွင်း ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူမှာ ဖျားပြီး နေမကောင်းဖြစ်နေချိန်၌ ကလေးအား ယောက္ခထီးဖြစ်သူ ဦးတင်အေးထံ (၂၃-၆-၂၀၂၁)ရက်နေ့တွင် ပေးအပ်ခဲ့ပြီး အလုပ်သွားရောက်လုပ်ကိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေအလုပ်မှ ပြန်လာသောအခါ ယောက္ခထီးဖြစ်သူ ဦးတင်အေးနေထိုင်သည့် တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၆)လမ်း၊ မြန်မာရွှေဥဒေါင်းမင်းကွန်ဒို၊ အမှတ်(၁၈၀/၁၉၀)အခန်းအမှတ်(၂၀၃)နေအိမ်သို့ ဇနီးဖြစ်သူနှင့် သားဖြစ်သူအား သွားရောက်ခေါ်ယူရာ ယောက္ခထီးဖြစ်သူ ဦးတင်အေးနှင့် ၎င်းမိသားစုတို့က ကျွန်ုပ်မိတ်ဆွေအား တွေ့ဆုံခွင့်မပေးဘဲ အကြောင်းမဲ့အပြစ်မရှိအပြစ်ရှာကာလုပ်ကြံဖန်တီး၍ အိမ်ထောင်ရေးကွဲစေလောက်သည့် အကြောင်းအခြင်းရာမပေါ်ပေါက်ဘဲ မတရားပိတ်ပင်တားမြစ်ခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှာ ဇနီးဖြစ်သူနှင့်သားဖြစ်သူအား တွေ့ဆုံနိုင်ရန် အသုံးစရိတ်လစဉ်ပေးပို့ရန်တို့ကို သက်ဆိုင်ရာဘာသာရေးအဖွဲ့များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့သော်လည်းကျွန်ုပ်မိတ်ဆွေဇနီး၏ မိဘများက တွေ့ဆုံခွင့်မပေးဘဲ ပိတ်ပင်ခဲ့ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၆)လမ်း၊ မြန်မာရွှေဥဒေါင်းမင်းကွန်ဒို၊ အမှတ်(၁၈၀/၁၉၀)၊ အခန်း(၂၀၃)တွင် နေထိုင်လျက်ရှိသော ဟာလာဘီ (ခ) မရည်မွန်ငြိမ်း [၁၂/မဂတ(နိုင်)၁၀၀၂၄၆] (ဘ) ဦးတင်အေး၏ သမီးသည် ကျွန်ုပ်၏မိတ်ဆွေမိုဟာမက်အိုဝစ်(ခ) ဦးကျော်နိုင်ဦး [၁၂/ပဘတ(နိုင်)၀၃၃၅၆၇]နှင့် ကွာရှင်းပြတ်စဲထားခြင်းမရှိသော တရားဝင်ဇနီးမယားဖြစ်ကြောင်းနှင့် သားဖြစ်သူ မိုဟာမက်အိုနိုက်(စ်) (ခ)မောင်ဘုန်းမြတ်ကျော်မှာ ကျွန်ုပ်မိတ်ဆွေ၏ သားအရင်းဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)**

**တရားလွှတ်တော်ရှေ့နေ**

**ရုံး - အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၂၄၂၀၇၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန

**အကူသူနာပြု (ပြင်ပ) (၉) လသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနရှိ ဆေးရုံကြီးများတွင် ဖွင့်လှစ်မည့် အကူသူနာပြု (ပြင်ပ) (၉)လသင်တန်းကို တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ **လျှောက်ထားသူသည် –**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်၊
(ဂ) လျှောက်လွှာပိတ်သည့် ( ၁၅-၁၀-၂၀၂၁) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဃ) အိမ်ထောင်မရှိသူ (အပျို/ လူပျို) ဖြစ်ရမည်၊
(င) သင်တန်းဖွင့်လှစ်ပို့ချမည့် ပြည်သူ့ဆေးရုံကြီးများတွင် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်၊
(စ) နေထိုင်စားသောက်ရေးကို သင်တန်းသားများအစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ရမည်၊ ဌာနမှ တာဝန်ယူမည်မဟုတ်ပါ၊
(ဆ) သတ်မှတ်ထားသော သင်တန်းအချိန်ကာလအတိုင်း သင်တန်းပြီးဆုံးအောင်မြင်အောင် တက်ရောက်နိုင်သူဖြစ်ရမည်၊
(ဇ) သင်တန်းအောင်မြင်ပြီး လိုအပ်ချက်အရ နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်ထားပါက အနည်းဆုံး (၁)နှစ် မည်သည့်ဒေသမဆိုတာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဈ) အကူသူနာပြု(ပြင်ပ) (၉)လသင်တန်းအောင်မြင်သူများအား ပုဂ္ဂလိကကျန်းမာရေးကဏ္ဍများတွင် ပါဝင်နိုင်ရေးအထောက်အကူဖြစ်မည့် ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်မည်။

၃။ လျှောက်လွှာနှင့်အတူ (၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်–

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း**(မိတ္တူ)တစ်စောင်စီ၊**
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)၊**
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်**(မူရင်း)၊**
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း)၊**
(င) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ၊
(စ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း။

၄။ လျှောက်လွှာကို တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနသို့သာ လိပ်မူ၍ (၁၅-၁၀-၂၀၂၁)ရက်နေ့ (၁၆ : ၀၀)နာရီထက်နောက်မကျဘဲ လျှောက်ထားရမည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကို ကုသရေးဦးစီးဌာန၊ သူနာပြုဌာနခွဲ (ဖုန်းနံပါတ်-၀၆၇ -၄၁၁၃၈၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန

ကာလာ ဓာတ်ပုံ

**အကူသူနာပြု (ပြင်ပ) (၉) လသင်တန်းအတွက် လျှောက်လွှာပုံစံ**

လျှောက်လွှာအမှတ် ------------------------

၁။ အမည် ------------------------
၂။ မွေးသက္ကရာဇ်၊အသက် ------------------------
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------
၄။ ပညာအရည်အချင်း ------------------------
၅။ အဘအမည် ------------------------
၆။ အဘ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------
၇။ အမိအမည် ------------------------
၈။ အမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------
၉။ နေရပ်လိပ်စာအပြည့်အစုံ ------------------------
------------------------
၁၀။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ------------------------

| ၁၁။ | အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် - | | | |
|---|---|---|---|---|
| | ခုနှစ် | | ဘာသာရပ် | ရမှတ် |
| | ခုံအမှတ် | | မြန်မာစာ | |
| | စာစစ်ဌာန(မြို့နယ်ဖော်ပြရန်) | | အင်္ဂလိပ်စာ | |
| | | | သင်္ချာ | |
| | | | ၃-ဘာသာပေါင်း | |

၁၂။ ဤလျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြအပ်ပါသည်–

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့်အခြေခံပညာအထက်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း **(မိတ္တူ)တစ်စောင်စီ၊**
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)၊**
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် **(မူရင်း)၊**
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း)၊**
(င) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ၊
(စ) အကယ်၍ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး သင်တန်းပြီးဆုံးအောင်တက်ပါမည်ဟု ဝန်ခံကတိပြုလွှာ။

လျှောက်ထားသူလက်မှတ်၊ ------------------------
လျှောက်ထားသူအမည်၊ ------------------------
နေရပ်လိပ်စာအပြည့်အစုံ၊ ------------------------
------------------------
ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊------------------

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလား ဆွတ်ခူး

စက်တင်ဘာ ၁၁ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူဟာ ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်ကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

**အဆုံးသတ်နိုင်ခဲ့**

အခုလို အမ်မာရာဒူကာနူအနေနဲ့ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ဗြိတိန်ရဲ့ ၄၄ နှစ်ကြာ စောင့်ဆိုင်းနေခဲ့ရတဲ့ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားမရရှိမှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံဟာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ၁၉၇၇ ခုနှစ်အတွင်းက နောက်ဆုံးရရှိခဲ့တာဖြစ်ပြီး ဗြိတိန်တင်းနစ်မယ် ဗာဂျီးနီးယားဝါဒီက **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍**





## ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးတို့မှ ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတစ်ဝန်းသို့ တင်ပို့ရောင်းချလျက်ရှိ

ရန်ကုန်   စက်တင်ဘာ   ၁၂

**ရန်ကုန်တိုင်းဒေသကြီးတွင် ရေထွက်ကုန်စည်ဒိုင်နှစ်ခုဖြစ်သော ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးတို့မှ ပြည်သူတို့စားသုံးနိုင်ရန် နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်ပစ္စည်းများ နေ့စဉ် စီးဆင်းလျက်ရှိရာ အရောင်းအဝယ်စည်ကားလျက်ရှိကြောင်း သိရသည်။**

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❒

## ကြေးမုံ ယနေ့ ဖတ်စရာ

**အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူ ၉၃ ရာခိုင်နှုန်း စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေ**

စာမျက်နှာ » ၁၂




အခန်းဆက် ဝတ္ထုရှည်

စာမျက်နှာ » ၂၃

ရသစုံလင် ပြုံးပျော်ရွှင်



စာမျက်နှာ » ၂၀၊ ၂၁

**ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၄၀ ကျော်ရှိ**

စာမျက်နှာ » ၁၃

## ၂၀၂၂ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ ကျင်းပမည့်ရက် ထုတ်ပြန်

ရန်ကုန်   စက်တင်ဘာ   ၁၂

အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ ကျင်းပရေးတာဝန်ရှိသူများသည် လာမည့်နှစ်တွင် ကျင်းပမည့် ၂၀၂၂ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ ကျင်းပမည့်ရက် ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၆ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ပြန်လည်ကျင်းပသွားမည်**

အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် မကျင်းပနိုင်သဖြင့် ယင်းပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံကိုပင် ၂၀၂၂ ပြိုင်ပွဲအား ဆက်လက်ကျင်းပခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၀ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို **စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ■**